မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲလမ်းညွှန်ထားသည့် ရောဂါကြီးခြောက်မျိုး သုတေသနများအရှိန်အဟုန်မြှင့်ဆောင်ရွက်

သုတေသနများ နိုင်ငံတော်၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ရေးဦးတည် ပြည်သူလူထုကျန်းမာအသက်ရှည်ရေး လက်တွေ့ကျကျအသုံးချနိုင်အောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလေးလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံးသုတေသနစာတမ်းဆုနှင့် ပိုစတာဆုများချီးမြှင့်ပေးအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဦးဆောင်မှုအောက်တွင် တစ်စုတစ်စည်းတည်းတည်ရှိနေသော အမျိုးသားရေးအင်အားစုများ၏ စွမ်းအားသည်အရေးပါသောအခန်းကဏ္ဍကပါဝင်လျက်ရှိ"

ခေါင်းကြီး(စာ-၂)

"နိုင်ငံတော်အနေဖြင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေးမြင့်မားသော တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်နိုင်မှုက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်"

ဒေါက်တာသိန်းဆွေ၏ဆောင်းပါး(စာ-၁၀)

ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်

ဇန်နဝါရီ ၁၉ ရက်က (၁၄)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။ (သတင်း-၁၃) (ထပဆ)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကိုရီးယားသမ္မတနိုင်ငံမှ မှာယူရောက်ရှိလာသော ဟိုက်ဒရောလစ်စနစ်သုံး ကျောက်ရထားတွဲ သင်္ဘောပေါ်မှ ချယူသည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-၇) (ရထားပို့ဆောင်ရေး)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းရေး အမျိုးသားရေးစွမ်းအားစုများဖြင့် ကြိုးပမ်းတည်ဆောက်

ယနေ့ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် လမ်းခင်းပုံဖော်ပေးလျက်ရှိသည်။

ယင်းသို့ ပုံဖော်တည်ဆောက်ပေးလျက်ရှိရာတွင် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက် (၁၂)ရပ်တို့ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စေရန်အတွက် တိုင်းရင်းသား ပြည်သူအားလုံး နိုင်ငံတော်နှင့်လက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည် နိုင်ငံတော်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများပြီးလျှင် ပိုမိုသိမ်မွေ့နက်နဲပြီး အမျိုးသားနိုင်ငံရေး အနှစ်သာရများ ပါရှိသည်။

အမျိုးသားရေး အနှစ်သာရများ အောင်မြင်စေရန်အတွက် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် အမျိုးသားရေး စွမ်းအားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များသည် ဦးတည်ချက်၊ ရည်မှန်းချက်တူ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် တစ်စုတစ်စည်းတည်း တည်ရှိနေသော အမျိုးသားရေး အင်အားစုများ၏ စွမ်းအားသည် အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

အမျိုးသားရေး စွမ်းအားစုများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသစည်းရုံးရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဖော်ဆောင်ကြရန် ဖြစ်သည်။ ထိုသို့ ဖော်ဆောင်ရာတွင် ပြည်သူများကို စိတ်ဝင်စားစွာလေ့လာပြီး လိုအင်ဆန္ဒအခက်အခဲများကို ကူညီဖြေရှင်းပေးရင်း ပြည်သူများ၏ ရင်းနှီးယုံကြည်အားကိုးမှုများ ရရှိလာမည်ဖြစ်သည်။ လက်တွေ့အကျိုးပြု လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ရင်း ပြည်သူများကို မှန်ကန်စွာစည်းရုံးဦးဆောင် လှုပ်ရှားဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

ယင်းသို့ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ လုပ်ကိုင်ခြင်းဖြင့် ဒေသခံပြည်သူများ ပိုမိုယုံကြည်လက်ခံလာကာ နိုင်ငံတော်၏ ရည်မှန်းချက် လုပ်ငန်းစဉ်များကို မှန်ကန်သောအသိဖြင့် ထောက်ခံအားပေးမှုများ ပိုမိုရရှိလာမည် ဖြစ်သည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာတောင့်တင်းစေရန်အတွက် နိုင်ငံတော်က နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးတက်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ နယ်စပ်ဒေသအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်တွေ့နေရပြီ ဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်စေရန်လည်း ဒေသခံ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်နှင့်လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ယင်းအောင်မြင်ဖြစ်ထွန်းမှု၊ စည်းလုံးညီညွတ်မှု အကျိုးရလဒ်ကောင်းများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အခြေခံကောင်းများပင် ဖြစ်သည်။ ထိုခိုင်မာတောင့်တင်းသော အခြေခံကောင်းများကို အမျိုးသားရေးအသိဖြင့် ကာကွယ်စောင့်ရှောက်ပါက မည်သည့်နှောင့်ယှက်ဖျက်ဆီးမှုမျှ ဝင်ရောက်လာနိုင်မည် မဟုတ်သည်ကို သိမြင်ထားရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူများ၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားများဖြင့် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀-၁-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Earth's Major Biomes (ဒုတိယနှစ်-ပထဝီဝင်အထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အင်တာနက်ချစ်သက်လျာ"** (အပိုင်း-၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"** (အပိုင်း-၁၃)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနေ ကိုအောင်မျိုးထွန်း- မမြတ်စန္ဒီဝင်း သား-မင်းအောင်ဇင်၊သမီး-သဲအိဝင်း မိသားစုက ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး ဆောက်လုပ်ရန်အတွက် ငွေကျပ် ၄၄၁၅၀၀၀ လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သင်းက လက်ခံယူစဉ်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် အဆင့်မြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်မှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ရန်ကုန်မြို့တော်အဆင့်မြင့်ရေး၊ လမ်းများကောင်းမွန်စေရေး၊ ယာဉ်သွားလာမှုလွယ်ကူချောမွေ့အဆင်ပြေစေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်သည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ကမ်းနားလမ်း ဆက်သွယ်သည့် နာနတ်တော ခုံးကျော်တံတားပေါ်၌ စက်ယန္တရားကြီးများဖြင့် အကျယ် ၄၈ ပေရှိ နိုင်လွန်ကတ္တရာလမ်းသားတင်ခင်းကျင်းနေမှု အခြေအနေကိုလည်းကောင်း၊ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံ လမ်းဆုံ၌ လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်တွင် ရွှေပြည်သာ စက်မှုမြို့အဝင် ဘုရင့်နောင်လမ်းမှ ရွှေပြည်သာတံတား ချဉ်းကပ်လမ်းအထိ ရွှေပြည်သာတံတား လမ်းဘေးဝဲယာ တစ်လျှောက်၌ လူသွားစင်္ကြံ ကျောက်ပြားများ၊ ကတ္တရာတုံးများ ပြုလုပ်ခင်းကျင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် လမ်းနှင့်တံတား အထူးတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာမှူးကြီး ဦးသောင်းညွန့် ဦးဆောင်၍ အမှတ်(၄) လမ်းမကြီး တစ်လျှောက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ကွန်ပျူတာ တက္ကသိုလ် အဝင်လမ်းအထိ အမှတ်(၄) လမ်းမကြီးကို တစ်ဖက်တစ်ချက် ကိုးပေစီချဲ့ထွင်ပြီး လမ်းအကျယ်ပေ၄၀၊ အရှည်ပေ ၁၄၃၀၀ကို ကျောက်ချောကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)အထူးတည်ဆောက်ရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာမှူးကြီး ဦးမြင့်တင်ဦးဆောင်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် (တောင်ပိုင်း)မြို့နယ် ဆက်သွယ်မည့် မောင်းမကန် ကမ်းသာယာလမ်း ဖောက်လုပ်ရေးလုပ်ငန်း၊ ပင်လုံလမ်းမှ တိုးကြောင်ကလေး လမ်းအကြား ၄၈ပေ အကျယ်ရှိ ကျောက်ချော ကတ္တရာလမ်းခင်းကျင်းနိုင်ရန် ဂဝံခင်းမြေသားလမ်း ဆောင်ရွက်နေမှုနှင့် အကျယ်၄၈ပေ၊ အရှည်ပေ ၃၀ ကျော်ရှိ တိုးကြောင်ကလေး ချောင်းကူးတံတား တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အမှတ်(၂)လမ်းမကြီးနှင့် ဧရာဝဏ်လမ်းမကြီး ဆက်သွယ်သည့် မောင်းမကန် ကမ်းသာယာလမ်းကို စက်ယန္တရားကြီးများဖြင့် အဆင့်မြှင့်တင် ခင်းကျင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂ရက်က ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၏ သတ္တမအကြိမ်မြောက် ပညာရေးစုံညီပွဲတော် ပဒေသာကပွဲ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းရှေ့၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့နှင့် ကျောင်းအကျိုးတော်ဆောင် မိဘများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

အမှာစကားပြောကြား

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်တို့က ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် ဆွမ်းလောင်းလှူဆက်ကပ်ရေး၊ တရားပွဲတော်ကျင်းပရေးနှင့် ဝတ်ရွတ်ပူဇော်ပွဲကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ဆွမ်းတော်ကြီးကပ်လှူရေး၊ ဧည့်ခံကျွေးမွေးရေး၊ ထမနဲထိုးပြိုင်ပွဲကျင်းပရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးစသော ဆပ်ကော်မတီများမှ တာဝန်ရှိသူတို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး အခွေများဝယ်ယူပူဇော်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ဦးစီးဆောင်ရွက်မှုဖြင့် အရွယ်သုံးပါး ဗဟုသုတပွားများစေရန် ရည်ရွယ်လျက် ဒါရိုက်တာဗညား (မဟာဗုဒ္ဓဝင်) စီစဉ်သော 'မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး' VCD, DVD Computer Graphic Animation Series အခွေများကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဖြန့်ချိလျက်ရှိရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဖုန်း-၆၆၅၃၅၈၊ ၆၆၅၃၈၂ နှင့် BN-Production သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိသာခါ တန်ဆောင်းအပေါ်ထပ်၌ ဝယ်ယူပူဇော် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါရင့်လား ဝါထပ်လား

* ဝါရင့်ကလောင်ဆိုတာ
"ဝေါင်ရင့်ကလာ"ပါ။
* ကြပ်ကလေး ငယ်စဉ်တုန်းက
သုံးခဲ့တဲ့ဂုဏ်စကားအမှာ။
* ခုအခါ
ဝါရင့်နိုင်ငံရေးသမား ဆိုပါလား။
* လာညမနေနဲ့
ဘာတစ်ခုမှ လုပ်ခဲ့ကြတာလဲမဟုတ်ဘဲနဲ့
အရှုပ်ထဲမှာ လူမုန်းခံမယ့်အစား
ကိုယ့်အဖုံး ကိုယ်လုံအောင်ဖိပါလို့
(အစ်ကိုတို့ရေ)ပြည့်အတွက် ခွန်အား။ ။

မျိုးသာခင်

သန်လျင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက်က သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် သီရိအောင်မြေဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းက နိုင်ငံသားစိစစ်ရေးကတ်ရရှိသူတစ်ဦးအား ပေးအပ်စဉ်။ (က-ပ)

ဝိပဿနာ ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၂၄)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဇန်နဝါရီ၂၄ ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂တို့သို့ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် ဇန်နဝါရီ၂၄ ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မန္တလေးမြို့ စက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၉

မန္တလေးတိုင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၃၁) နှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းကို ဇန်နဝါရီ၁၂ ရက်က မန္တလေးတောင်ခြေအနီးရှိ အဆိုပါ စက်သုံးဆီအရောင်းဆိုင်၌ကျင်းပရာ အကြီးတန်းဆိုင်မန်နေဂျာ ဦးဆန်းအောင်၊ မန်နေဂျာဦးတင်မောင်မြင့်၊ လက်ထောက်မန်နေဂျာများဖြစ်ကြသော ဦးစိုးဝင်း၊ ဦးကျော်သန်းအေးနှင့် ဆီဖြည့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက လောင်စာဆီဖြန့်ဖြူးသော လုပ်ငန်းဌာနဖြစ်သည့်အတွက် မီးဘေးကာကွယ်ရေးကို အထူးအလေးထားဆောင်ရွက်ကြရန်နှင့် မတော်တဆဖြစ်ပွားလာနိုင်သော မီးလောင်မှုများကို အရေးပေါ်ထားရှိသော မီးသတ်ပစ္စည်းကိရိယာများဖြင့် လျှပ်တပြက်ရှေးဦးငြိမ်းသတ်နိုင်မှု နည်းလမ်းများကိုရှင်းလင်းဟောပြောသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဆိုင်တွင်းကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိသော ဆီသိုလှောင်ကန်ရေဖျန်းစနစ် ဆောင်ရွက်ထားရှိမှု၊ ရုံးအဆောက်အအုံအတွင်း လျှပ်စစ်ဝါယာ သွယ်တန်းထားရှိမှု၊ ပန့်တိုင်အနီး သဲအိတ်၊ မီးသတ်ဆေးဘူးထားရှိမှု၊ မီးသတ်ရေစင်၊ မီးသတ်ဆေးဘူးများ စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆိုင်မန်နေဂျာနှင့် တာဝန်ရှိသူများက လိုက်လံပြသကြပြီး လိုအပ်ချက်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားသည်။ **(ဝဲအောက်ပုံ)**

ယင်းနောက် ဆိုင်မန်နေဂျာနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးသတ်ဆေးဘူး၊ မီးသတ်ယာဉ်များအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှုကို လေ့ကျင့်ဆောင်ရွက်ကြကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဥပဒေစာအုပ်ထုတ်ဝေ

ရန်ကုန် ဇန်နဝါရီ ၁၉

တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုသော Interpretation of Statute Law and Treaty စာအုပ်ကို တရားရုံးချုပ် ပန်းဆိုးတန်းလမ်း ရန်ကုန် ဖုန်း-၃၈၀၇၈၄ကထုတ်ဝေဖြန့်ချိထားသည်။

အဆိုပါစာအုပ်တွင် ဥပဒေရပ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်များကို နိုင်ငံတကာဥပဒေရေးရာများနှင့် ဆက်စပ်ဖော်ပြထားသည်။ **(သတင်းစဉ်)**

ပုသိမ်အသင်းနှစ်ပတ်လည်အစည်းအဝေး ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ပုသိမ်အသင်း(ရန်ကုန်)နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ဗဟန်းကြားတောရလမ်းရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ မြတ်မော်တင်စွန်းဘုရားဖူးခရီး၊ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေအပန်းဖြေခရီးသွားရောက်မည်ဖြစ်ရာ မတ် ၁၈ ရက် ညနေ ၅ နာရီတွင် လမ်းမတော် လမ်းသစ်ဇာတ်တားပုသိမ်သင်္ဘောဆိပ်မှ ထွက်ခွာ၍ မတ်လ ၂၃ ရက် ရန်ကုန်ပြန်ရောက်မည်ဖြစ်သည်။ လိုက်ပါလိုသူများသည် ဦးလေးတင့်(ဘဏ္ဍာရေးမှူး၊ ပုသိမ်အသင်း) အမှတ် (၈၄၀)မဟာဗန္ဓုလလမ်းနှင့် လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ် ဖုန်း-၂၂၁၉၇၀၊ ၇၀၁၄၇၃ နှင့် ပုသိမ်အသင်း ၂၀၂-၂၁၄၊ ဗိုလ်ဆွန်ပက်လမ်း၊ ဖုန်း-၃၇၉၂၅၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယ-မလေးရှား ကုန်သွယ်မှု သုံးနှစ်အတွင်း ဒေါ်လာ ၁၀ ဘီလီယံ လျာထား

ကွာလာလမ်ပူ ဇန်နဝါရီ ၁၇

အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့သည် လက်ရှိ ကုန်သွယ်မှုအဆင့် ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံမှ လာမည့်သုံးနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှု ဒေါ်လာ ၁၀ ဘီလီယံရရှိရန် လျာထားသတ်မှတ်ထားသည်။

အကြီးမားဆုံး

မလေးရှားနိုင်ငံသည် အာရှတွင် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဘက်နိုင်ငံ ဖြစ်လာကြောင်း၊ လက်ရှိအနေအထားသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် အကောင်းဆုံးအခွင့်အလမ်းတစ်ရပ်ကို ကမ်းလှမ်းသည့် အနေအထားဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကမာလ်နာ့သ်က ပြောကြားသည်။

ဖိတ်ခေါ်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပသော အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ညှိနှိုင်းအဖွဲ့က စီစဉ်ကျင်းပသည့် မလေးရှား-အိန္ဒိယ စီးပွားရေးညီလာခံ ၂၀၀၅ ၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး နာ့သ်က အိန္ဒိယ၌ လုပ်ငန်းဆောင်ရွက်ရန် မလေးရှား ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်လိုက်ပြီး ကဏ္ဍအများစုတွင် အက်ဖ်ဒီအိုင်နှင့် ပတ်သက်၍ ကန့်သတ်ချက်မရှိကြောင်း ပြောဆိုခဲ့သည်။

တိုးမြှင့်

မလေးရှားနိုင်ငံသည် အိန္ဒိယနှင့် စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်လိုကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီက ၎င်း၏မိန့်ခွန်း၌ ပြောကြားထားပြီး မိန့်ခွန်းကို မလေးရှား ဘဏ္ဍာရေးဝန်ကြီး နူအာရ်မိုဟာမက်ယာကွပ်က ရှင်းလင်းပြောကြားသည်။ **(အင်တာနက်)**

စစ်ဆေး

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်(ဝဲ)နှင့် ပိုလန်ဝန်ကြီးချုပ် မာရက်ဘယ်ကာတို့ ဟန်ွိုင်းမြို့၌ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေကြသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ပိုလန် ဝန်ကြီးချုပ်အနေဖြင့် နှစ်၅၀အတွင်း ပထမဆုံးအကြိမ် ဗီယက်နမ်သို့ လာရောက်ခြင်းဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

ဖွံ့ဖြိုးဆဲ ကျွန်းငယ်နိုင်ငံများဆိုင်ရာ အထူးညီလာခံ အက်ဖ်အေအိုက လာမည့် နိုဝင်ဘာလအတွင်း ကျင်းပမည်

ရောမ ဇန်နဝါရီ ၁၈

ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ(အက်စ်အိုင်ဒီအက်စ်)၏ ထိန်းထားနိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအစည်းအဝေးတစ်ရပ်ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ရောမမြို့တွင် ၂၀၀၅ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်ထိ ကျင်းပသွားမည်ဟု အက်ဖ်အေအိုက တနင်္လာနေ့၌ ပြောကြားသည်။

အဆိုပါညီလာခံက မောရစ်သျှနိုင်ငံတွင် ပြီးခဲ့သည့်အပတ်၌ ကျင်းပခဲ့သည့် နိုင်ငံတကာအစည်းအဝေးတွင် သဘောတူခဲ့သော အရေးတကြီးပြဿနာများကို ဖြေရှင်းသွားမည်ဖြစ်သည်။

အဆိုပါမောရစ်သျှနိုင်ငံ၌ ကျင်းပခဲ့သည့် အစည်းအဝေးက အက်စ်အိုင်ဒီအက်စ်နိုင်ငံများကို စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းများ တိုးမြှင့်အကူအညီပေးရေးအတွက် ဦးစားပေးလုပ်ဆောင်ချက်များကို ၂၀၀၅ အက်စ်အိုင်ဒီအက်စ် ညီလာခံက ထောက်ခံဖို့စဉ်းစားရန် တိုက်တွန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့ခရီးသွားလုပ်ငန်းများတွင် အင်တာနက်စနစ်ပေါ်လာမည်

အာဘူဒါဘီ ဇန်နဝါရီ ၁၈

လာမည့်နှစ်များတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း၌ အင်တာနက်လွှမ်းခြုံသော ခရီးသွားလာခြင်း၊ သို့မဟုတ် အီလက်ထရွန်နစ် ခရီးသွားလာခြင်းများ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း ဂေါ့ဖ်နယူး နေ့စဉ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ကမ္ဘာလုံး၌ ခရီးသွားလုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းတွင် အခြေခံကျသော ပြောင်းလဲမှုများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူအေအီး နိုင်ငံဆိုင်ရာ ဗြိတိသျှလေကြောင်းလိုင်း မန်နေဂျာ ဒီဘုတ်ဖရန့်တန်က ပြောကြားကြောင်း အဆိုပါသတင်းစာက ရေးသားဖော်ပြသည်။

ရောင်းချ

ဗြိတိသျှလေကြောင်းလိုင်း ဂလိုဘယ်လီ၏ မှတ်တမ်းများအရ တစ်နာရီလျှင် ခရီးသည် ၂၅၀၀၀ နှုန်းဖြင့် ခရီးသွားကြကြောင်း၊ ယင်းတို့မှ ခရီးသည် ၉၀၀၀ ကျော်အတွက် လက်မှတ်များမှာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း အဆိုပါ မန်နေဂျာက ပြောကြားသည်။

ခရီးသွားလုပ်ငန်း အေဂျင်စီများကလည်း ခရီးသည်များကို ဝန်ဆောင်မှုပေးရာတွင် အီးဘွတ်ကင်၊ အီးတိကက်များကဲ့သို့ အစိတ်အပိုင်းများကို ပိုမိုသုံးစွဲလာပြီး ခရီးသည်များအား မိတ်ဆက် ထိတွေ့ပေးလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ခရီးသွားသူတစ်ဦးအနေဖြင့်လည်း ဟိုတယ်အခန်းရရှိရေးနှင့် ခရီးသွားပစ္စည်းများ ဝယ်ယူရေးတို့တွင်ပါ အွန်လိုင်းစနစ်ကို အသုံးပြုနိုင်ကြပြီဖြစ်ကြောင်း မစ္စတာဖရန့်တန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆာအတ် ထိပ်သီးအစည်းအဝေးကျင်းပရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြင်ဆင်မှုများလုပ်ဆောင်ထား

ဒါကာ ဇန်နဝါရီ ၁၈

ရှေ့လထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ကျင်းပမည့် (၁၃)ကြိမ်မြောက် ဆာအတ် ထိပ်သီးအစည်းအဝေးအတွက် လုံခြုံရေးဝန်ထမ်း ထောင်ပေါင်းများစွာကို အာဏာပိုင်များက လုံခြုံရေးကိစ္စများဆောင်ရွက်ရန် တာဝန်ပေးချထားမည်ဖြစ်ပြီး ပြင်ဆင်မှုများကို အပြည့်အဝလုပ်ဆောင်လျက် ရှိသည်။

ထိပ်သီးအစည်းအဝေး ကျင်းပမည့်ရက်အသစ်ကို ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက်အား ကြေညာခဲ့ပြီးနောက် နှစ်ရက်ကြာကျင်းပမည့် ထိပ်သီးအစည်းအဝေး၏ အသေးစိတ်မူကြမ်းကို နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးနှင့် ထိပ်သီးအစည်းအဝေး၏ ညှိနှိုင်းဆောင်ရွက်ရေး အကြီးအကဲဖြစ်သူ ရီအက်ဇ်ရာမန်က ဒါကာ၌ သံတမန်များကို ပေးအပ်ခဲ့သည်။

ရေးသား

ဘင်္ဂလားဒေ့ရှ်က အဆိုပြုထားသော အဆိုပါ ထိပ်သီးအစည်းအဝေး အစီအစဉ်မူကြမ်းကို သံတမန်များမှတစ်ဆင့် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပို့ပေးမည်ဖြစ်ကြောင်း ဒေးလီးစတားသတင်းစာက ရေးသားသည်။

ဆောင်ရွက်

ပြင်ဆင်မှုများအားလုံးကို အပြည့်အဝဆောင်ရွက်ထားကြောင်း၊ ထိပ်သီးအစည်းအဝေးအတွက် လုံခြုံရေးကို အကြီးအကျယ် ဆောင်ရွက်ထားကြောင်း ရာမန်က ပြောကြားသည်။

ထိပ်သီးအစည်းအဝေးအတွင်း ဒါကာမြို့ဝန်းကျင်၌ လုံခြုံရေးဝန်ထမ်း တစ်သောင်းနှစ်ထောင်ကို ဖြန့်ချပေးထားမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ရောက်ရှိမည်

ဆာအတ်နိုင်ငံများမှ ခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၅ ရက်မှ စတင်ရောက်ရှိကြမည်ဖြစ်ပြီး အိန္ဒိယ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းလည်း ထိုနေ့၌ ရောက်ရှိမည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရှိသူ ဇာဟီရူလ်ဟက်ဂ်က ပြောကြားသည်။ **အမ်အင်အေ၊အေပီ**

အိန္ဒိယနိုင်ငံ၌ အုန်းစိုက်တောင်သူ မိသားစုသည် အုန်းသီးများကို စက်ရုံသို့ မပို့မီ ခွဲစိတ်နေလှန်းမှုများ ပြုလုပ်နေကြသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ပစိဖိတ် ကျွန်းနိုင်ငံများသည် အုန်းဆီထုတ်လုပ်ခြင်းဖြင့် စီးပွားရေးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တရုတ်ရုပ်ရှင်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံကြမည်

ချန်းချန် ဇန်နဝါရီ ၁၈

ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ၂၀၀၅ ခုနှစ်တွင် တရုတ်ရုပ်ရှင်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလာကြလိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ အနောက်မြောက်ဘက်ရှိ ကျီလင်းပြည်နယ်၌ ဇန်နဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တွင် ကျင်းပခဲ့သော တရုတ် ချန်းချန်ရုပ်ရှင်ပွဲတော် သတင်းရပ်ကွက်များက ဖော်ပြသည်။

မိမိတို့သည် ယခုနှစ်တွင် ရှရှား၊ ဩစတြီးယားတို့နှင့် ရုပ်ရှင်ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော်၌ ချန်းချန် ရုပ်ရှင်ထုတ်လုပ်ရေးအုပ်စုကုမ္ပဏီဥက္ကဋ္ဌ ကျောက်ကူကွမ်က ပြောကြားသည်။

အကယ်စင်စစ် ပုဂ္ဂလိကနှင့် နိုင်ငံခြားငွေလုံး ငွေရင်းများသည် တရုတ် ရုပ်ရှင်လုပ်ငန်းတွင် လွန်ခဲ့သည့်နှစ်က ကြီးမားသည့် စွမ်းအားပေးခဲ့ပြီးကြောင်း အဆိုပါငွေများက တရုတ် ရုပ်ရှင်လုပ်ငန်း၏ ငွေကြေးမပြည့်စုံမှုကို အထောက်အကူပေးခဲ့ကြောင်း သိရသည်။ ပုဂ္ဂလိကနှင့် နိုင်ငံခြားငွေလုံး ငွေရင်းများ ပါဝင်လာမှုသည် တရုတ်ပြည်အတွက် ထူးခြားသည့် ရလဒ်များ ပေါ်ထွက်လာခဲ့သည်။

၂၀၀၄ ခုနှစ်တွင် တရုတ်၌ ထုတ်လုပ်သော ရုပ်ရှင်ကား ၂၁၂ ကား၏ ၈၀ ရာခိုင်နှုန်းသည် ပုဂ္ဂလိက သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများက ပံ့ပိုးသည့် ငွေကြေးများဖြင့် ထုတ်လုပ်သည့် ရုပ်ရှင်ကားများဖြစ်ကြောင်း ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား စီမံအုပ်ချုပ်ရေးဌာန စာရင်းများက ဖော်ပြသည်။

၂၀၀၄ ခုနှစ် နှောင်းပိုင်းမှစ၍ တရုတ် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံရန် နိုင်ငံခြားငွေလုံးငွေရင်းကို တရားဝင်ခွင့်ပြုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဖိလစ်ပိုင်စီးပွားရေး တိုးတက်ဖွယ်ရှိ

မနီလာ ဇန်နဝါရီ ၁၈

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးသည် ၂၀၀၄ ခုနှစ်တွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ဖွယ်ရှိကြောင်း၊ တရားဝင်သတ်မှတ်ချက်ထက် ကျော်လွန်ကြောင်း အစိုးရအရာရှိကြီးတစ်ဦးက တနင်္လာနေ့၌ ပြောကြားသည်။

၂၀၀၄ ခုနှစ် တစ်နှစ်လုံးအတွက် တိုးတက်မှုသည် ၆ ဒသမ ၂ ရာခိုင်နှုန်းခန့် ဖြစ်ဖွယ်ရှိကြောင်း၊ ဖိလစ်ပိုင်စီးပွားရေး စီမံကိန်းဝန်ကြီး ရိုမြူလိုနီရီက သတင်းထောက်များအား ပြောကြားသည်။

တရားဝင်စီးပွားရေး တိုးတက်မှု ခန့်မှန်းခြေကို ၆ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးမြှင့်ခဲ့ကြောင်း၊ ကနဦး အစိုးရ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန် တန်ဖိုး တိုးတက်မှုကို ၄ ဒသမ ၉ နှင့် ၅ ဒသမ ၈ ရာခိုင်နှုန်းကြား လျာထားသတ်မှတ်ခဲ့ကြောင်း သိရသည်။

တိုးတက်မှုခန့်မှန်းချက်များသည် ယခုနှစ် နေးကွေးခဲ့သော်ငြားလည်း ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးကို ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးချဲ့ရန်အတွက် သွက်သွက်လှမ်းရမည်ဖြစ်ကြောင်း နီရီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပေါ်တူဂီ၊ ကွမ်တုန်ပြည်နယ်နှင့် မကာအိုတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကျင်းပ

မကာအို ဇန်နဝါရီ ၁၈

ပေါ်တူဂီ၊ ကွမ်တုန်ပြည်နယ်နှင့် မကာအိုတို့၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၂၀၀၅ကို မကာအို၌ ပြီးခဲ့သည့်တနင်္လာနေ့ကကျင်းပရာ ပေါ်တူဂီ၊ တရုတ်၊ ဟောင်ကောင်နှင့် မကာအိုတို့မှ အရာရှိများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ၆၀၀ကျော် တက်ရောက်ကြသည်။

အဆိုပါဖိုရမ်သည် ပေါ်တူဂီနိုင်ငံ၏ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်မှုသိပ္ပံ၊ တရုတ်နိုင်ငံကွမ်တုန်ပြည်နယ်၏နိုင်ငံခြားကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနနှင့် မကာအိုမှကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးဌာနတို့က ပူးတွဲကြီးမှူးကျင်းပခြင်းဖြစ်သည်။

တက်ရောက်

ယင်းဆွေးနွေးပွဲဖိုရမ်သို့ ပေါ်တူဂီမှ စီးပွားရေးလုပ်ငန်းရှင် ၃၂၀၊ တရုတ်နိုင်ငံကွမ်တုန်ပြည်နယ်၊ ဟောင်ကောင်နှင့် မကာအိုတို့မှ စီးပွားရေးဆိုင်ရာ ကိုယ်စားလှယ် ၂၇၈ ဦးတို့တက်ရောက်ကာ ဆွေးနွေးကြကြောင်း သိရသည်။ ယင်းကဲ့သို့ဆွေးနွေးပွဲမျိုးကို ၂၀၀၄ ခုနှစ်အောက်တိုဘာလက ပေါ်တူဂီနိုင်ငံတွင် မကာအိုနှင့် ကွမ်တုန်ပြည်နယ်တို့က ပူးတွဲကျင်းပခဲ့ကြောင်းလည်း မကာအိုစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအကြီးအကဲ တစ်ဦးဖြစ်သူ တမ်ပက်ယမ်က ပြောကြားသည်။

လက်မှတ်ရေးထိုး

ပေါ်တူဂီ၊ တရုတ်ပြည်မကြီးနှင့်မကာအိုတို့သည် စီးပွားရေးပေါင်းဖော်ဖက် မိတ်ဆွေနိုင်ငံများအဖြစ်ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပေါ်တူဂီစီးပွားရေးလုပ်ငန်းဝန်ကြီးအယ်ဗာရိုဘာရီတိုကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အယ်လ်ဂျီးယားရေနံထွက်ရှိမှုနှုန်း ဆက်လက်ထိန်းထားမည်

အယ်လ်ဂျီးယားစ် ဇန်နဝါရီ ၁၈

အယ်လ်ဂျီးယားစွမ်းအင်နှင့်သတ္တုဝန်ကြီး ချာကစ်ခီလင်လ်က အယ်လ်ဂျီးယားနိုင်ငံသည်နေ့စဉ်ရေနံစိမ်းစည် ၁ဒသမ ၃၄ သန်း အထွက်တည်ငြိမ်မှုကို ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း ပြောကြားသည်ဟု အမျိုးသားရေဒီယိုက စနေနေ့၌ထုတ်လွှင့်ပြောကြားသည်။

နိုင်ငံတကာ ရေနံစိမ်းဈေးနှုန်းသည် ယခုနှစ်၏ ပထမသုံးလပတ်၌ လက်ရှိအဆင့်တွင် တည်ငြိမ်နေမည်ဖြစ်ပြီး ဒုတိယသုံးလပတ်တွင် ဈေးနှုန်း အနည်းငယ်ကျဖွယ်ရှိသော်လည်း ရေနံတစ်စည်လျှင် ဒေါ်လာ ၃၀ ကျော်ရှိမည်ဖြစ်ကြောင်း ခီလင်လ်က ကြိုတင် ခန့်မှန်းပြောကြားသည်။

ဝန်ကြီး ခီလင်လ်က နိုင်ငံတကာရေနံစိမ်းဝယ်လိုအားသည် ကမ္ဘာ့စီးပွားရေး အခြေအနေကျဆင်းမှုကြောင့် ၂၀၀၅ ခုနှစ်တွင် လျော့ကျသွားမည်ဟု ပြောဆိုသော်လည်း နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် နိုင်ငံတကာရေနံဈေးကွက် ကမောက်ကမ ဖြစ်လာနိုင်ဖွယ်ရှိသည်ကို ၎င်းက ငြင်းပယ်ခြင်းမပြုဟု ဆိုသည်။

အယ်လ်ဂျီးယားနိုင်ငံသည် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့(အိုပက်)၏ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၎င်း၏နေ့စဉ် ရေနံစိမ်းထွက်ရှိမှု ပမာဏသည် ယခင်နှစ်အကုန်၌ ရေနံစည် ၁ဒသမ ၄သန်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လေ့လာကြည့်ရှု

ဂျပန်နိုင်ငံတိုကျိုမြို့တွင် မာဇဒါ မော်တော်ကား ကုမ္ပဏီမှ ဒီဇိုင်းပုံစံအသစ်ဖြင့် ထုတ်လုပ်လိုက်သော မာဇဒါ မော်တော်ကားတစ်စီးအား လေ့လာကြည့်ရှု နေကြသူများကို ဇန်နဝါရီ ၁၇ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဗီတာမင်ဒီသည် ဆီးကျိတ်ဖြစ်ပွားမှုကိုလျော့ကျစေကြောင်း လေ့လာသုတေသနပြုချက်အသစ်တစ်ရပ်တွင်ဖော်ပြ

အော့တာဝါ ဇန်နဝါရီ ၁၈

ဆီးကျိတ်ရောဂါခံစားနေရသူများကို ဗီတာမင်ဒီ ဖြည့်စွက် ကုသပေးခြင်းသည် ဆီးကျိတ်ဖြစ်ပွားမှုကို လျော့ကျစေကြောင်း အသစ်ပြုလုပ်သော လေ့လာဆန်းစစ်ချက်တစ်ရပ်က ဖော်ပြထားသည်ဟု တနင်္လာနေ့က ထုတ်ပြန်သော သတင်းတစ်ရပ်၌ရေးသားထားသည်။

ယင်းမှာလေ့လာစမ်းသပ်မှု အသေးစားတစ်ရပ်သာပြုလုပ်ခြင်းဖြစ်ပြီး ပဏာမရလဒ်တစ်ခုအနေဖြင့်သာ ရှိနေသေးကြောင်း၊ ဆရာဝန်များအနေဖြင့် ဗီတာမင်ဒီ ပမာဏအချိုးအစားနှင့်ဆီးကျိတ်အနေအထားကိုချိန်ဆလျက်ရှိနေကြောင်း အဆိုပါသုတေသနဆန်းစစ်ချက်တစ်ရပ်က ဖော်ပြထားသည်ဟု ကနေဒါရုပ်မြင်သံကြားသတင်းဌာနကထုတ်လွှင့်ခဲ့သည်။

ဗီတာမင်ဒီ၏ တန်ပြန် အကျိုးသက်ရောက်မှုသည် ဆီးကျိတ်ရောဂါကို လျော့ကျရန်ဖြစ်စေနိုင် ကြောင်း ကနေဒါနိုင်ငံအမျိုးသမီးကောလိပ်၏ ကျန်းမာရေး သိပ္ပံဆိုင်ရာ ဌာနမှ ဆရာဝန် ဒေါက်တာလောရင့်ကလော့ဇ်က ပြောကြားသည်။

အဆိုပါလေ့လာသုတေသနပြုမှုမှာ ဆီးကျိတ်ဝေဒနာရှင်အမျိုးသား ၁၉၀ ကို လေ့လာခဲ့ခြင်းဖြစ်ပြီး ထိုဝေဒနာရှင်အမျိုးသားအားလုံးသည် နွေရာသီတွင် ဆီးကျိတ်ကြီးထွားမှုလျော့ပါးခဲ့သည်ကိုတွေ့ရကြောင်း၊ သို့ရာတွင် ဆောင်းရာသီ၌ ဆီးကျိတ်တိုးပွားမှုတစ်ရာခိုင်နှုန်းခန့်သာ လျော့ကျသည်ကိုတွေ့ရှိရကြောင်းသိရသည်။ ဆရာဝန်များအနေဖြင့် ဆီးကျိတ်ဝေဒနာရှင် ၂၀၀၀ကို ဗီတာမင်ဒီ ဖြည့်စွက်ကုသပေးပြီး ဆောင်းရာသီတွင် ဆီးကျိတ်လျော့ကျမှုနည်းပါးခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို လေ့လာလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ကို ကန်တို့ကျူးကျော်မှု မှားယွင်းကြောင်း အမေရိကန်နိုင်ငံသားအများစုပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံကို အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းသည် အမှားတစ်ခုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံသား အများစုက ယုံကြည်လျက်ရှိသည်ဟု ပုံမှန်ပြုလုပ်သော လူထုသဘောထားစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

စီအင်န်အင်န်၊ယူအက်စ်အေတူဒေးနှင့် ဂယ်အပ်တို့က တနင်္လာနေ့၌ ထုတ်ပြန်သော သဘောထားစစ်တမ်းတစ်ရပ်တွင် ယင်းကဲ့သို့ဖော်ပြထားခြင်း ဖြစ်ပြီး ဇန်နဝါရီ ၁၄ရက်နှင့် ၁၆ရက်အတွင်း အမေရိကန်နိုင်ငံသားများကို သဘောထားဆန္ဒကောက်ယူရာတွင် အီရတ်ကို အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကို မှားယွင်းကြောင်း ပြောကြားသူ ဦးရေမှာ၅၂ရာခိုင်နှုန်းရှိပြီး ထိုသို့ကျူးကျော်ခြင်းမှာ မှားယွင်းသောလုပ်ရပ် မဟုတ်ဟု ထင်မြင်သူ ဦးရေမှာ ၄၇ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ပြောင်းပြန်ဖြစ်

ယင်းကဲ့သို့ လူထုသဘောထားကောက်ယူမှု ရလဒ်သည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၉ရက်မှ ၂၁ရက်အထိ ပြုလုပ်ခဲ့သော လူထုသဘောထားကောက်ယူမှုရလဒ်ကို ပြောင်းပြန်ဖြစ်သွားစေခဲ့ပြီး ထိုအချိန်က ရရှိခဲ့သည့်ရလဒ်မှာ အီရတ်ကို ကျူးကျော်ခြင်းသည် အမှားမဟုတ်ကြောင်း ပြောကြားသူ ဦးရေမှာ ၅၂ရာခိုင်နှုန်းရှိပြီး မှားယွင်းကြောင်း ပြောကြားသူ ဦးရေမှာ ၄၇ရာခိုင်နှုန်းရှိ ခဲ့သည်။

ဆန္ဒရှိ

ထို့အတူ အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ပိုမိုစေလွှတ်ရေးကို အမေရိကန်နိုင်ငံသား ၂၄ ရာခိုင်နှုန်းက ဆန္ဒရှိပြီး ၂၁ ရာခိုင်နှုန်းက အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကိုရုပ်သိမ်းရန် ဆန္ဒရှိကာ ၂၅ရာခိုင်နှုန်းက တပ်ဖွဲ့ဝင်အားလုံးကို ပြန်လည်ရုပ်သိမ်းရန် ဆန္ဒရှိနေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇန်နဝါရီ ၁၈ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၃၆၈ ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီးအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။

ဇန်နဝါရီ၁၈ရက်အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၆၈ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၇၃ဦးမှာ တိုက်ပွဲ၌ သေဆုံး ခဲ့ကြသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၆ဦး၊ ယူကရိန်း ၁၆ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် ကာဇက်ကစ္စတန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၂၃၀ဦးဖြစ်ပြီး ယင်းအနက် ၉၆၄ဦးမှာတိုက်ပွဲ၌ သေဆုံးကြောင်းစစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံခြားတပ်များကြောင့်ပျက်စီးခဲ့သည့်ဘေဘီလုံ ကျွမ်းကျင်သူများစစ်ဆေးနေစဉ်ယာယီပိတ်ထားမည်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

ကမ္ဘာ့အံ့ချီးဖွယ်ရာ ခုနစ်ခုတွင်တစ်ခုအပါအဝင်ဖြစ်သော ဘေဘီလုံအား နိုင်ငံခြားတပ်များဖျက်ဆီးမှုကြောင့်မည်မျှပျက်စီးသည်ကို ကျွမ်းကျင်ပညာရှင်များက အဆုံးအဖြတ်ပေးသည့် အချိန်ထိပိတ်ထားမည်ဖြစ်ကြောင်း အီရတ်ယဉ်ကျေးမှုဝန်ကြီးက တနင်္လာနေ့၌ ပြောကြားသည်။

အမေရိကန်နှင့် ပိုလန်တပ်များသည် ၂၀၀၃ခုနှစ် ဧပြီလ၌ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် စစ်အခြေစိုက်စခန်းတစ်ခုထူထောင်ခြင်းဖြင့် ဘေဘီလုံရှေးဟောင်းမြို့ကို ဖျက်ဆီးခဲ့ကြကြောင်း ဗြိတိသျှပြတိုက်က ယခုသီတင်းပတ်ကုန်၌ အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ခဲ့သည်။

ဘေဘီလုံ၏အခြေအနေနှင့် စပ်လျဉ်း၍ အချက်အလက်အပြည့်အစုံ သိလိုကြောင်း၊ ဘေဘီလုံ၏အပျက်အစီးကို နိုင်ငံတကာအဖွဲ့က ဆုံးဖြတ်ချက်ပေးသည့် အချိန်ထိ ပိတ်ထားမြဲပိတ်ထားမည်ဖြစ်ကြောင်း အီရတ်ယဉ်ကျေးမှုဝန်ကြီး မိုဖစ်အယ်လ်ဂျာဇေရီက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မိုဆူးလ်မြို့တွင်အီရတ်လူငယ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၁၇ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

■ **ရှေ့ဖုံးမှ**

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပရေးကော်မတီဝင်များ၊ သုတေသန စာတမ်းရှင်များနှင့် ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာ၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၄ ရက်က စတင်၍ ငါးရက်ကြာ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၀၄ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် စည်စည်ကားကား အောင်အောင်မြင်မြင်ဖြင့် ပြီးမြောက်သွားပြီးဖြစ်ကြောင်း၊ ဤတစ်ကြိမ် သုတေသနညီလာခံတွင် စာတမ်းပေါင်းအစောင် ၇၀ ဖတ်ကြားတင်သွင်းခဲ့ပြီး ပိုစတာ ၁၃ ခုပြသခဲ့ကြောင်း သိရှိရကြောင်း၊ ထို့အပြင် Symposium ဟုခေါ်သည့် ဆွေးနွေးပွဲ ခုနစ်ခုကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရကြောင်း။

အသိအမှတ်ပြု

နိုင်ငံတော်အကြီးအကဲက သုတေသနများ ဆောင်ရွက်သင့်သည့် ဦးစားပေး ရောဂါကြီးခြောက်မျိုးအဖြစ် လမ်းညွှန်မှုပြုထားသော ရောဂါများနှင့် နီးနွယ်ဆက်စပ်သည့် သုတေသနစာတမ်းများ ပါရှိခဲ့သည်ကို သတိပြုမိပါကြောင်း၊ အထူးသဖြင့် ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် စာတမ်း ၁၀ စောင် ဖတ်ကြားတင်သွင်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ဤတစ်ကြိမ် စာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေးသုတေသန စာတမ်းခြောက်စောင် တင်သွင်းနိုင်ခဲ့ခြင်း၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)နှင့် (မြန်မာပြည်အလယ်ပိုင်း)တို့က စာတမ်းနှင့် ပိုစတာများ တင်သွင်းနိုင်ခဲ့ခြင်းတို့ကို မိမိအနေဖြင့် အထူးတလည် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါကြောင်း။

ကြိုးစား

သုတေသနစာတမ်းဆိုသည်မှာ သုတေသနလုပ်ငန်းတစ်ရပ် **ပြီးမြောက်ခြင်း**၏ အမှတ်အသားဖြစ်ကြောင်း၊ ပြီးမြောက်ပြီးနောက် **အောင်မြင်ခြင်း** အဆင့်ရောက်ဖို့သည် ဤသုတေသနတွေ့ရှိချက်များသည် ခိုင်မာကြောင်း အများက လက်ခံကြ၍ အသုံးချသည့်အဆင့်ကို ရောက်ရှိရမည်ဖြစ်ကြောင်း၊ Research results utilization ဟုခေါ်သည့် သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သည့်အဆင့်ရောက်ရှိသွားပြီဆိုလျှင် ဤသုတေသနသည် ပြီးမြောက်အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် သုတေသနများကို အသုံးချအဆင့်အထိရောက်အောင် ကြိုးစားကြပါဟု ပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် –

- **နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားသည့် ရောဂါကြီးခြောက်မျိုးအတွက် သုတေသနများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန်၊**
- **ကျန်းမာရေးသုတေသနများကို ဆေးသုတေသနဦးစီးဌာန သုံးခုသာမက ကျန်ဦးစီးဌာနများကလည်း တိုးမြှင့်ဆောင်ရွက်ကြရန်၊**
- **ဆောင်ရွက်သမျှ သုတေသနများကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးတက်မြင့်မားရေး ပြည်သူလူထု ကျန်းမာအသက်ရှည်ရေးတို့မှာ လက်တွေ့ကျကျ အသုံးချနိုင်အောင် ဦးတည်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံ အကောင်းဆုံးသုတေသနစာတမ်းများနှင့်အကောင်းဆုံး ပိုစတာဆုရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာညွှန့်ဝေက အကောင်းဆုံးဆုများရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သုတေသန သုံးမျိုးအတွက် အကောင်းဆုံးသုတေသနစာတမ်းများနှင့် အကောင်းဆုံးပိုစတာ ဆုရရှိသူများကို ကြေညာသည်။

ဆုများချီးမြှင့်

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အကောင်းဆုံးအခြေခံသုတေသနစာတမ်းဖြစ်သည့် 'ကယားပြည်နယ်တွင် ပေါက်ရောက်သော ပန်းခါးဆေးပင်မျိုးစုများ၏ ငှက်ဖျားရောဂါပိုးအပေါ် အာနိသင်သက်ရောက်မှုနှင့် ပါဝင်သော ဒြပ်ပေါင်းကိုလေ့လာခြင်း' စာတမ်းရှင်များကိုယ်စား ဒေါ်ခင်ဖြူဖြူအား လည်းကောင်း၊ အကောင်းဆုံး လက်တွေ့အသုံးချသုတေသနစာတမ်းဖြစ်သည့် 'ဝေးလံသောဒေသများတွင် ငွေကြေးကုန်ကျမှုမရှိဘဲ သွေးလျှူရှင်များအတွင်းမှ အသည်းရောင်အသားဝါ စီရောဂါပိုးသယ်ဆောင်သူများကို ဖယ်ထုတ်ခြင်း' စာတမ်းရှင်များကိုယ်စား ဒေါ်ရီရီကျော်အားလည်းကောင်း၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနစာတမ်းဖြစ်သည့် 'ဘားအံမြို့နယ် ကျေးလက်ဒေသအတွင်းရှိ တိုင်းရင်းသားအုပ်စုများ၏ ထိမ်းမြားမှု ဓလေ့ထုံးစံများကိုလေ့လာခြင်း' စာတမ်းရှင်များကိုယ်စား ဒေါ်ကြူကြူသန်းအားလည်းကောင်း၊ အကောင်းဆုံး ပိုစတာဖြစ်သည့် 'ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသတစ်နေရာတွင် နည်းလမ်းသစ်များကို အသုံးပြု၍ ဆောင်ရွက်သောလူထုအခြေပြုသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းခြင်း သုတေသန' ပိုစတာရှင်များကိုယ်စား ဗိုလ်မှူးထင်ဇော်စိုးအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဆုပေးပွဲ အခမ်းအနားတွင် ဆုရရှိသော စာတမ်းရှင် တစ် ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၁-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အကပဒေသာ
၈:၂၀ ၇။ ရွှေလီတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use.
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀ ၇။ တေးဂီတအစီအစဉ်
၁၇:၃၅ ၈။ မြန်မာစာ၊ မြန်မာစကား
၁၇:၅၀ ၉။ **"အလံလေးတော့ကိုင်ပြပါ"** ဇွဲနိုင်ဝင်း၊ ရတနာခင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၈:၀၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၈:၁၀ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၂၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၄၇)
၁၉:၃၀ ၁၅။ တပ်မတော်အစိုးရ၏ မပြောင်းမလဲခိုင်မြဲသောစီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး ဦးတည်ချက်
၁၉:၄၅ ၁၆။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ကောင်မလေးရဲ့ ဖူးစာရှင်"** (အပိုင်း–၁) (လွင်မိုး၊ နေအောင်၊နန္ဒာလှိုင်) ဒါရိုက်တာ–ကိုဇော်(အရဏ်ဦး)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မီးသုံးစွဲလျှင် အသိဉာဏ်
အစဉ်သတိ အမြဲရှိ

ဆဋ္ဌမအကြိမ်မြောက် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကမ္ဘာငြိမ်း မြစိမ်းတောင်ညိုသာသနာပြုဆရာတော်ကြီး၏ ဆဋ္ဌမအကြိမ်မြောက်ပူဇော်ပွဲအဖြစ် ၁၃၆၆ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်နှင့် ၁၃ ရက် (ဇန်နဝါရီ ၂၁ရက်နဲ့ ၂၂ရက်) ညများတွင် နိုင်ငံကျော် ဓမ္မကထိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ အရှင်ဉာဏဒီပ ဘဒ္ဒန္တဇဋိလက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ပြာသိုလဆန်း ၁၃ ရက်(ဇန်နဝါရီ ၂၂ရက်) နံနက် ၈နာရီတွင် ဆရာတော်ကြီး၏ တပည့်သံဃာတော်၊ ဒါယကာ၊ ဒါယိကာမများနှင့် ဂေါပကအဖွဲ့ဝင်များက ဆဋ္ဌမအကြိမ်မြောက် ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာ I C T ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁–၁–၂၀၀၅) ရက်မှ (၂၇–၁–၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့

၀၉:၀၀–၁၇:၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ
	–	ICT Competitions

ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့

၀၉:၀၀–၁၇:၀၀	–	အကြို ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့

၀၈:၃၀	–	ဖွင့်ပွဲအခမ်းအနား
၁၀:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၁၀:၀၀–၁၂:၀၀	–	ICT Product Presentation
၁၀:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	ICT Competitions
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	Network Game ပြိုင်ပွဲ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၂:၀၀	–	ICT Product Presentation
၀၉:၀၀–၁၇:၀၀	–	Network Game ပြိုင်ပွဲ
၁၃:၀၀–၁၆:၃၀	–	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉:၀၀–၁၇:၀၀	–	ICT ပြပွဲ၊ ပြခန်းများ
၀၉:၀၀–၁၇:၀၀	–	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃:၀၀–၁၆:၀၀	–	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	–	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	–	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

ဇန်နဝါရီ ၈ရက်က အမက(၇)ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ၂၀၀၄–၂၀၀၅ ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ သူငယ်တန်းမှ ဘက်စုံပထမဆုရရှိသော မောင်ကောင်းကျော်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက ဆုချီးမြှင့်စဉ်။ (၁၉၂)

မေ့ဆေးအထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း မေ့ဆေး အထူးကုဆရာဝန်များအဖွဲ့၏ (၆)ကြိမ်မြောက်ညီလာခံကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် မေ့ဆေးပညာနှင့် အထူးကြပ်မတ်ကုသမှုဆိုင်ရာ စာတမ်းများ ဖတ်ကြားဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အခြားစိတ်ဝင်စားဖွယ်ရာ ဘာသာရပ်ဆွေးနွေးခြင်းများ ပါဝင်မည်ဖြစ်ရာ မြန်မာပြည်အနှံ့မှ မေ့ဆေးဆရာဝန်များနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကိုရီးယားနိုင်ငံမှ မှာယူထားသည့်ကျောက်ရထားတွဲများနှင့်ပစ္စည်းများရောက်ရှိ ရန်ကုန်-ညောင်လေးပင်-မန္တလေး လေးလမ်းပိုင်း အဆင့်မြှင့်တင်ရေးအသုံးပြုသွားမည် ဟိုက်ဒရောလစ်စနစ်ဖြင့်လိုအပ်သောနေရာ၌ လမ်းခင်းကျောက်များချထားပေးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းသို့ဆိုက်ရောက်လာသည့် Ducky Shiny သင်္ဘောပေါ်မှ မြန်မာ့မီးရထား၏ ကျောက်ရထားတွဲ ၁၀ တွဲနှင့် ကျောက်ရထားတွဲ ၃၀ အတွက် တွဲပစ္စည်းများချမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက သင်္ဘောပေါ်မှ ကျောက်ရထားတွဲများနှင့် တွဲပစ္စည်းများချယူမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယခုရောက်ရှိလာသော ကျောက်ရထားတွဲ၁၀ တွဲနှင့် ကျောက်ရထားတွဲ၃၀ အတွက် တွဲပစ္စည်းများကို ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ထံမှ မှာယူတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ရထားတွဲများကို ရန်ကုန်-ညောင်လေးပင်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်း၌ အသုံးပြုသွားမည်ဖြစ်သည်။ ယခု သင်္ဘောပေါ်မှချယူသည့် ရထားတွဲ ၄၀ အနက် ကျောက်ရထားတွဲ ၁၀ တွဲမှာ အသင့်တပ်ဆင်ထားရှိပြီး ကျန်ကျောက်ရထားတွဲ ၃၀ ကို တွဲပစ္စည်းအလိုက် ထပ်ပိုး သယ်ယူခဲ့ခြင်းဖြစ်သဖြင့် မြန်မာ့မီးရထားလူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ ပြန်လည်တပ်ဆင်ပြီး အသုံးပြုသွားမည်ဖြစ်သည်။

ယခု ကျောက်ရထားတွဲများသည် ဟိုက်ဒရောလစ်စနစ်ဖြင့် လိုအပ်သည့်နေရာတွင် လိုအပ်သည့် အရေအတွက်အတိုင်း လမ်းအတွင်းသို့ လမ်းခင်းကျောက်များချထားပေးနိုင်သော အဆင့်မြင့်ကျောက်ရထားတွဲများ ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၃၀ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့မုခ်၊ အာဇာနည်ဗိမာန်လမ်း ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းဝင်မဖြစ်သေးသည့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်နှင့် အသင်းဝင်မိသားစုများစာရင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ သား၊ သမီးများ၏ စာရင်းကို အထောက်အထားနှင့်တကွ ဇန်နဝါရီ ၂၉ ရက် နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းနိုင် ဖုန်း-၅၄၅၃၉၅၊ ၅၄၅၃၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှ ဖုန်း-၀၉-၅၀-၂၁၁၂၉၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၂၅၄၂၁၀ တို့သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

လှိုင်မြို့နယ် စာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

လှိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော လှိုင်မြို့နယ် ဒေါ်ခင်မေ စာပေဆု(၂၀၀၄) ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၆ ရက် နံနက် ၉ နာရီက အထက(၁) ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်(မြင့်သူရ)နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီတို့က အမှာစကားများပြောကြားကြပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရသူ ၁၄ ဦးနှင့် ယခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ၌ လှိုင်မြို့နယ်မှ မြန်မာစာ အမှတ်အများဆုံးရရှိသူနှစ်ဦးနှင့် အင်္ဂလိပ်စာအမှတ်အများဆုံးရရှိသူနှစ်ဦးတို့အား ဆုများချီးမြှင့်ကြသည်။

လာမည့်နှစ်များတွင် နှစ်စဉ်မပြတ်ယခုကဲ့သို့ စာပေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများ ပြုလုပ်သွားရန်အတွက် Gunkul Engineering & Fresh ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာသူရမွန်က Gunkul စာပေဆု ငွေပဒေသာပင်စိုက်ထူပေးသည့် အလှူငွေကျပ် ၁၀ သိန်းကို မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌသို့ ပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် ဆုရရှိသူများကိုယ်စား အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသူ မစုဟေမာဖြိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(က-ပ)

● ကျောဖုံးမှ

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် အေဘီအက်စ်ဒီအက်ဖ်တောတွင်း လက်နက်ကိုင်အဖွဲ့မှ ဒုအရာခံဗိုလ်မောင်မောင်အောင်သည်လည်းကောင်း။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ တပ်မဟာ(၂) မှ တပ်သား စောဆာကပေါနှင့် စောဖိုးခိုင်တို့သည်လည်းကောင်း၊ အက်စ်ယူအာရ်အေတောတွင်း လက်နက်ကိုင်အဖွဲ့ရင်း(၂၄၁) မှ တပ်သား အိုက်စံသည်လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေတွင် မွန်ခွဲထွက်တောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား မောင်ကျယောသည်လည်းကောင်း၊ ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၆)၊ ရင်း(၁၀၆)မှ ဒုတပ်ကြပ်အဆင့်ရှိ ထိကျော်ထူးသည် လက်ပစ်ဗုံးတစ်လုံး နှင့် စနက်တံတစ်ခုတို့ဖြင့်လည်းကောင်း၊ ရင်း(၁၈)မှ တပ်ကြပ်ကြီးအဆင့်ရှိ စောသယ်ဖိုးနှင့် တပ်သား စောဟောခိုလယ်တို့သည် အေကေ- ၄၇ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်၂၂တောင့်၊ အမ်-၁၆ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၆ တောင့်တို့ဖြင့်လည်းကောင်း၊ လုံခြုံရေးတပ်ခွဲမှ တပ်သား စောနီးနီးသည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၅ တောင့်တို့ဖြင့်လည်းကောင်း။

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူ တောတွင်း လက်နက်ကိုင်အဖွဲ့ ရင်း(၁၁)မှ တပ်သား စောဖီးလော့၊ ဇနီးနော်ဖီးလေး၊ သမီး နော်ဘီဘီ၊ သားများဖြစ်ကြသည့် စောဖီးဆေး၊ စောဖိုးဘို၊ စောခွာခွာနှင့် စောချိုအေးတို့သည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ငါးတောင့်တို့ဖြင့်လည်းကောင်း၊ ဒုတပ်ကြပ်အဆင့်ရှိ စောဝိဘယ်နှင့် ဇနီး နော်မဲ၊ ဒုတပ်ကြပ်အဆင့်ရှိ စောဘီလူးနှင့် ဇနီးနော်လေးခက်၊ တပ်သား စောဖလာဒါးနှင့် ဇနီး နော်ထရိတ်ဖော တို့သည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည်အတောင့် ၅၀၊ လက်ပစ်ဗုံး တစ်လုံးတို့ဖြင့်လည်းကောင်း။

တပ်မဟာ(၄)၊ ရင်း(၁၁)မှ တပ်စိတ်မှူးအဆင့်ရှိ သန်းလွင်သည် ပစ္စတိုတစ်လက်၊ ၎င်းကျည်နှစ်တောင့်တို့ဖြင့်လည်းကောင်း၊ အင်န်ဒီအေ တောတွင်းလက်နက်ကိုင်အဖွဲ့မှတပ်မှူးအဆင့်ရှိ ဖဒိုအုန်းသွင်၊ တပ်ခွဲမှူးအဆင့်ရှိ ရွှေနီနှင့် ဇနီး ဒေါ်ဝင်းကြည်၊ သမီး နေလင်းစန္ဒာနှင့် နေဝင်းလှိုင်၊ သား နေဝင်းကျော်၊ တပ်ခွဲမှူးအဆင့်ရှိ ကာပီဟတ်၊ ဇနီး ဒေါ်လှကြည်၊ သား မောင်အတောင်းနှင့် မောင်ဘီဒါ၊ သမီး မသန်းကျွတ်ငွေ၊ တပ်ခွဲမှူးအဆင့်ရှိ နိုင်ကိုအောင်၊ ဇနီး ဒေါ်မြင့်အေး၊ ဒုတပ်ခွဲမှူးအဆင့်ရှိကြသော ရဲထွန်း၊ ရွှေလှနှင့် ဘလှိုင်၊ တပ်စုမှူးအဆင့်ရှိ ထွန်းဝင်း၊ အရာခံဗိုလ်အဆင့်ရှိ အနိုင်၊ စည်းရုံးရေးမှူးအဆင့်ရှိ ဦးမှုန်၊ ရုံးအုပ်အဆင့်ရှိ အောင်လင်း၊ အတွင်းရေးမှူးအဆင့်ရှိ ဝေဦး၊ ဆက်သား စောသနထူး၊ တပ်သားစိန်ဝင်းနှင့် မောင်စိန်တို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ် သုံးလက်၊အမ်-၇၉လောင်ချာနှစ်လက်၊ အမ်-၇၂ နှစ်လက်၊ ကျည်မျိုးစုံ အတောင့် ၂၆၀၊ ဗုံးသီး ၂၈လုံး၊ လက်ပစ်ဗုံးခြောက်လုံး၊ မိုင်းလေးလုံးတို့ဖြင့်လည်းကောင်း၊ တပ်သား စောဖောရီသည် မိခိုသူနှစ်ဦးဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား မောင်သစ္စာ၊ ဇနီး မစိန်အေးသာနှင့် သမီး မခိုင်ခိုင်ဝင်းတို့သည် လုပ်သေနတ်တစ်လက်၊ ၎င်းကျည် နှစ်တောင့်တို့ဖြင့် လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါရက်များအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ ၃၅ ဦးနှင့် မှီခိုသူမိသားစုဝင် ၂၀ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၆ရက်(စနေနေ့)တွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းပရိယတ္တိစာသင်တိုက်တွင်ကျင်းပမည်။

၂၀၀၅ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသော ကျောက်ပန်းတောင်းဇာတိဆရာတော် သံဃာတော်များအား ဂုဏ်ဝိသိဋ္ဌပူဇော်ခြင်း၊ ဘွဲ့ထူး၊ ဂုဏ်ထူးရလူပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုခြင်းများနှင့် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း ပြုလုပ်မည်ဖြစ်ရာ ဦးမောင်မောင် ဖုန်း-၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း-၃၈၄၅၆၇၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆ နှင့် ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂တို့သို့ ဆက်သွယ်၍ ကြိုတင်အကြောင်းကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

> **တိမ်အသင့်အတင့်**
>
> **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ကာကွယ်တိုက်ဖျက်ရေးဟောပြောပွဲကို ဇန်နဝါရီ၁၄ရက်က အင်းစိန်မြို့နယ် အထက(၃) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြစိန် ရှင်းလင်းဟောပြောစဉ်။ (က-ပ)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

နမ့်ခမ်းမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များဖွင့် စာအုပ်၊ ဂျာနယ်နှင့် မတည်ငွေများလှူဒါန်း

နမ့်ခမ်း ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကောင်းဝိုင်းကျေးရွာ အခြေစိုက်စခန်း၌ ဒီဇင်ဘာ၂၂ရက် နံနက် ၈နာရီက တောင်ထိပ်ပန်းစာကြည့်တိုက်ကိုလည်းကောင်း၊ အွယ်လောကျေးရွာအခြေစိုက်စခန်း၌ နံနက် ၁၀ နာရီခွဲတွင် လောကသစ်စာကြည့်တိုက်ကိုလည်းကောင်း၊ (ယာပုံ)**မန်စပ်ကျေးရွာဓမ္မာရုံ၌ မွန်းလွဲ ၁ နာရီခွဲတွင် အောင်သပြေစာကြည့်တိုက်ကိုလည်းကောင်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပကြသည်။**

ဖဲကြိုးဖြတ်

အဆိုပါ စာကြည့်တိုက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆန်းဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံဦးကျော်တင်အေးနှင့်ကောင်းဝိုင်းကျေးရွာ အတွင်းရေးမှူး ဦးမောင်ရွှေ၊ အွယ်လောကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဆွဲဟိန်း၊ မန်စပ်ကျေးရွာဥက္ကဋ္ဌ ဦးလွယ်ကျောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

လှူဒါန်း

ဆက်လက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက စာကြည့်တိုက်များသို့ စာအုပ် ၁၅၂ အုပ်၊ ဂျာနယ် ၅၀နှင့် မတည်ငွေ ကျပ် ၇၀၀၀ စီ အသီးသီးလှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အရာတော်မြို့နယ်တွင် အလင်းတံခါးကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဆွေးနွေးဟောပြော

အရာတော် ဇန်နဝါရီ ၅

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒုံဒစ်ကျေးရွာအုပ်စု ပေါက်ပင်ဆိပ်ကျေးရွာ အလင်းတံခါး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၈ရက် နံနက်၁၀နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်မြင့်နှင့် အား/ကာနည်းစနစ်မှူး ဦးရန်နိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းလွင်ဦးတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက်စာအုပ်အလှူရှင်များက သုတ၊ရသစာအုပ်မျိုးစုံ ၁၇၃အုပ်ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌဦးအောင်စိန်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တက်နေဝန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

သာစည် ဇန်နဝါရီ ၃

သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာအုပ်စု ကြာဘက်ကုန်း စံပြကျေးရွာတွင် တက်နေဝန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၃ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဝင်းတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဟောပြောဆွေးနွေးသည်။

ထို့နောက် တက်နေဝန်းစာကြည့်တိုက်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၀ ရက်က မော်လိုက်မြို့နယ် ညောင်ဝန်းရွာ လင်းရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်က စာကြည့်တိုက်အဆောက်အအုံတိုးချဲ့ပြုပြင်ဆောင်ရွက်ရန်အလှူငွေကျပ်၁၀၀၀၀၀ပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးသောင်းရွှေက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပညာတန်ဆောင်စာကြည့်တိုက်ဖွင့်

ပင်လောင်း ဇန်နဝါရီ ၇

ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ပင်မွန်းမြောက်ရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦး၊ အဖွဲ့ဝင်(၁) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်သောင်းတို့က အမှာစကားများပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် စာကြည့်တိုက်များအရေးပါပုံကို ဆွေးနွေးဟောပြောသည်။

ထို့နောက် စာကြည့်တိုက်သို့ အလှူရှင်များက စာအုပ်မျိုးစုံ ၅၇အုပ်၊ ဂျာနယ်မျိုးစုံ ၆၀နှင့် အလှူငွေကျပ် ၁၈၀၀၀ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်းမျိုးစုံ ၅၀၊ ဂျာနယ် ၂၃ စောင် စုစုပေါင်း စာအုပ်မျိုးစုံ ၁၀၇အုပ်၊ ဂျာနယ်မျိုးစုံ ၈၃စောင်နှင့် အလှူငွေကျပ်၁၈၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကော်မတီဝင်များက လက်ခံယူကြသည်။

ဆက်လက်၍စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစောလှဦး၊ အဖွဲ့ဝင်(၁) ဦးမြင့်သောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးထွန်းလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်မြို့ မြသီတာရပ် မိခင်ကြီး ဒေါ်လှစိန်အား အမှူးထား၍ သား ဒေါက်တာတင်ငွေ၊ ဇနီးဒေါ်ခင်လှဲ့နှင့် ညီအစ်ကိုမောင်နှမများက မြို့သစ်ကလေးကျေးရွာအုပ်စုမြေနုကျေးရွာတွင် ကျပ်သိန်း၃၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းသော ဦးထွန်းနေ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ကျော်၊ အလှူရှင်ပါမောက္ခ ဒေါက်တာတင်ငွေ၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ကြိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

ငွေကျပ်သိန်း၃၀၀အကုန်အကျခံဆောက်လုပ်လှူဒါန်း

ညောင်ဦး ဇန်နဝါရီ ၁၀

ညောင်ဦးမြို့နယ် သန့်စင်ကြယ် စံပြကျေးရွာ၌ ကျပ်သိန်း၃၀၀တန်ဖိုးရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၃၁ရက်က ကျင်းပရာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေး (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(ပညာ) ဦးအေးသိန်းနှင့် ကျောင်းဆောင်သစ်အလှူရှင်ဦးညွန့်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ယာပုံ)

လွှဲပြောင်းပေးအပ်

အဆိုပါ အခမ်းအနားတွင် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းက အမှတ်(၂) အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေး(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(ပညာ)ဦးအေးသိန်းထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲ အထိမ်းအမှတ်အလံများကို ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့်အမှတ်(၂)အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေး(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(ပညာ)ဦးအေးသိန်းထံပေးအပ်သည်။

အလှူရှင် ဦးညွန့်ခင်–ဒေါ်ခင်ဝင်းမိသားစုတို့က ကျပ်သိန်း၃၀၀တန်ဖိုးရှိသည့် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ကြီး ဆောက်လုပ်လှူဒါန်းသကဲ့သို့ ကျပ် ၁၉သိန်းတန်ဖိုးရှိသည့် ရေချမ်းစင်နှင့်ရေအိမ်တို့ကို ဒေါ်သန်းရီ၊ ဦးဝင်းမော်–ဒေါ်နီဝင်း၊ ဦးတင်ရွှေ–ဒေါ်မို့မိသားစုတို့က ဆောက်လုပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ဒီဇင်ဘာ ၅ရက်က ဘုတလင်မြို့နယ် သောက်ရေ ရှားပါးသောတော်ဦးဘ ကျေးရွာတွင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ရေတွင်းတူးစက်ကြီး ဖြင့် ရေရရှိရေး ဆောင်ရွက်ပေးစဉ်။

(၂၅၄)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ အရှည်ပေ၈၀၀၊ အကျယ်၁၆ပေရှိ တရုတ်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအုန်းသွင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြေအောက်ရေပေးရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဇန်နဝါရီ ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် ဒီဇင်ဘာ၂၀ရက်က မန္တလေးတိုင်း မိတ္ထီလာမြို့နယ်သို့ သွားရောက်၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြေအောက် ရေပေးရေးစီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(နယ်စပ်/စည်ပင်)**

မိုင်းယောင်းမြို့မဈေး ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

မိုင်းယောင်း ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်းရေဝပ်မှု မရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် မြေညှိခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၃၀ရက်က ယာဉ်စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ–(၂)ဦးမြင့်လင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တောင်တွင်းကြီးမြို့ ရေပေးရေး စက်ရေတွင်းတူးဖော်

တောင်တွင်းကြီး ဇန်နဝါရီ ၆

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြရေပေးရေးအတွက် ခန့်မှန်းကုန်ကျငွေ ၄၆၅၀၀၀၀ ဖြင့်အနက်ပေ ၃၀၀ရှိ ခြောက်လက်မစက်ရေတွင်းအား မောင်းတိုင်(၁)ရပ်ကွက် ရေစက်ဝင်းအတွင်း၌ တူးဖော်ဆောင်ရွက်လျက်ရှိရာ**(အောက်ပုံ)** ဇန်နဝါရီ ၁ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးလက်ဒေသသောက်သုံးရေပေးဝေရေး ညောင်ရွှေမြို့နယ်၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

ညောင်ရွှေ ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စိုက်ပျိုးကျေးရွာ(ပအိုဝ်းကုန်း)တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်ဒေသသောက်သုံးရေပေးဝေရေး စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်နံနက် ၉နာရီက အဆိုပါကျေးရွာ စက်ရေတွင်း၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဦးတင်မောင်ဝင်းက ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်တို့က စက်ရေတွင်းအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

အဆိုပါစက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၂၅၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် မိုးဟုတ်–ဝါးတောစွန်းလမ်းကို ကျောက်ချောလမ်းခင်းနိုင်ရေးအတွက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့ ဇန်နဝါရီ ၁၃ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။

(၀၉၈)

20-1 (09).p65 2 3/24/05, 10:44 PM

မြန်မာ့တိုင်းရင်းဆေးပညာတက္ကသိုလ်

ဒေါက်တာသိန်းဆွေ

မြန်မာ့တိုင်းရင်းဆေးပညာသည် နှစ်ပေါင်းထောင်ချီကတည်းက ဖြစ်တည်ထွန်းကားလာခဲ့သည်။ မြန်မာ့ရိုးရာအမွေအနှစ် ပညာရပ်စစ်စစ်လည်းဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် သိမ်မွေ့နက်ရှိုင်းကျယ်ဝန်းပြီး ထိရောက်အစွမ်းထက်မြက်သည့် ပညာရပ်တစ်ရပ်လည်းဖြစ်သည်။ ဤသို့ ကောင်းမြတ်သည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည့် မြန်မာ့တိုင်းရင်းဆေးပညာသည် နိုင်ငံ့ခေါင်းဆောင်များက အားပေးချီးမြှောက်သည့် အချိန်အခါတွင် တိုးတက်ထွန်းကားပြီး အားပေးချီးမြှောက်မှုမရှိသည့် အချိန်ကာလများ၌ တိုးတက်မှုမရှိသည်ကို ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် သမိုင်းစဉ်တစ်လျှောက် ပြန်လည်လေ့လာကြည့်ပါက မြန်မာ့တိုင်းရင်းဆေးပညာသည် တိုးတက်ထွန်းကားသင့်သလောက် တိုးတက်မှုမရှိသည်ကို အခိုင်အမာတွေ့ရှိရမည်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ် အချိန်အခါမှုကား မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်နေသည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏တာဝန်ကိုယူပြီးသည့်နောက်ပိုင်း တိုင်းရင်းဆေးပညာ အဆင့်မြင့်မားရေးအတွက် မြို့နယ်နှင့်ခရိုင်အဆင့် တိုင်းရင်းဆေးကုဌာန ၂၃၇ ဌာန၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ ရုံ၊ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံတို့ကို ဖွင့်လှစ်ပေးခဲ့သည်။ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ စတင်တွေ့ရှိပြီး လက်တွေ့နယ်ပယ်မှာ ပြန်လည်အသုံးချနေပြီဖြစ်သည်။

တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားလာစေရေးအတွက် အဓိကဆောင်ရွက်ချက်တစ်ရပ်မှာ ယခင်ကဒီပလိုမာအဆင့်သာ ပေးအပ်နိုင်သော တိုင်းရင်းဆေးသိပ္ပံကျောင်း တစ်ကျောင်းကိုသာ မန္တလေးမြို့၌ ဖွင့်လှစ်နိုင်ခဲ့ရာမှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဘွဲ့ဒီဂရီအဆင့်အပ်နှင်း ချီးမြှင့်နိုင်သည့် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုကို မန္တလေးမြို့၌ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးသမိုင်းတွင် အောင်မြင်မှုမှတ်တိုင် ကမ္ဗည်းမော်ကွန်း ရေးထိုးနိုင်ခဲ့သည်။

တိုင်းရင်းဆေးပညာ သင်ကြားရေးနှင့်ပတ်သက်၍ ယခင်က မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများက အဆင့်ဆင့်လက်ဆင့်ကမ်း အမွေပေးခဲ့ရာမှ နောက်ပိုင်းတွင် မြန်မာသမားတော်ကြီးများက မိမိတို့တတ်နိုင်သည့်အင်အားဖြင့် အသင်းအဖွဲ့များဖွဲ့စည်းပြီး ပညာဖြန့်ဝေခြင်းများရှိခဲ့သည်။ ၎င်းနောက် ၁၉၇၆ ခုနှစ်တွင် ဒီပလိုမာအဆင့် တိုင်းရင်းဆေးသိပ္ပံကျောင်းကို မန္တလေးမြို့၌ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ တိုင်းရင်းဆေးပညာ သင်ကြားရေး အခြေအနေမှာ ယင်းကဲ့သို့ရှိခဲ့ရာမှ နိုင်ငံတော်အကြီးအကဲက ဘွဲ့ဒီဂရီအဆင့် ပေးနိုင်သော တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု တည်ထောင်ရန် လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခု၏ အရည်အချင်းများနှင့်ပြည့်စုံသော တိုင်းရင်းဆေးတက္ကသိုလ် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ကြိုးပမ်းရာတွင် အဆင့်မီသောတိုင်းရင်းဆေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းကို ကျွမ်းကျင်သူ ပညာရှင်များနှင့် တိုင်းရင်းဆေးသမားတော်ကြီးများက ဆွေးနွေးပွဲများ အဆင့်ဆင့်ပြုလုပ်၍ ရေးဆွဲနိုင်ခဲ့ခြင်း၊ သင်ကြားမည့်ဆရာများ အရည်အသွေးမြင့်မားရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ခြင်းတို့သည် အဓိကကျသောကဏ္ဍမှ ပါဝင်ခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်ကို သိပ္ပံဘာသာတွဲဖြင့် အခြေခံပညာအထက်တန်းအောင် ကျောင်းသားများ တက်ရောက်နိုင်ပြီး ပညာသင်ကာလမှာ စာတွေ့လက်တွေ့လေးနှစ်၊ အလုပ်သင် တစ်နှစ် စုစုပေါင်း ငါးနှစ်ဖြစ်သည်။ ချီးမြှင့်အပ်နှင်းမည့်ဘွဲ့မှာ မြန်မာ့တိုင်းရင်းဆေး ပညာသိပ္ပံဘွဲ့ B.M.T.M (Bachelor of Myanmar Traditional Medicine) ဖြစ်သည်။ သင်ကြားပေးမည့် ဘာသာရပ်များမှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယဟူသော နယကြီးလေးပါးကို အခြေခံသော မြန်မာ့တိုင်းရင်းဆေးပညာဘာသာရပ် ခြောက်ဘာသာ၊ ခန္ဓာဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝကမ္မဗေဒနှင့် ဆေးဝါးဗေဒ စသည့် အနောက်တိုင်းဆေးပညာ ဘာသာရပ် ငါးဘာသာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သက္ကတ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ စိတ္တဗေဒဟူသည့် အခြေခံဝိဇ္ဇာနှင့် သိပ္ပံဘာသာ ရှစ်ဘာသာတို့ အပြင် တရုတ်အပ်စိုက် ဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားပေးမည် ဖြစ်သည်။

သင်ကြားပေးမည့် ဆရာများမှာလည်း မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများအပြင် အနောက်တိုင်းဆေးပညာဘွဲ့ရ ဆရာဝန်ကြီးများကိုယ်တိုင် သင်ကြားပို့ချကြမည် ဖြစ်သည်။ ထို့အပြင် သင်ထောက်ကူပစ္စည်းများ ဖြစ်သည့် စာကြည့်တိုက်၊ ပြတိုက်၊ Language Lab တို့အပြင် ခုတင် (၅၀)ဆံ့ သင်ကြားရေး ဆေးရုံကြီးစသည်ဖြင့် တက္ကသိုလ် တစ်ခု၏ ဂုဏ်အင်္ဂါနှင့်အညီ ဖြည့်တင်းထားရှိပြီးဖြစ်သည်။ သို့ဖြစ်၍ တိုင်းရင်းဆေးတက္ကသိုလ်မှ မွေးထုတ်ပေးမည့် တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေး ဆရာတို့၏ အရည်အသွေးမှာ နိုင်ငံတကာအဆင့်မီ မြင့်မားနေမည်မှာ မလွဲကေန် ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ ဘွဲ့ဒီဂရီအဆင့်ချီးမြှင့်နိုင်သော တက္ကသိုလ်တစ်ခုကို အောင်မြင်စွာတည်ထောင် ဖွင့်လှစ်နိုင်သည်နှင့်အညီ ယင်းတက္ကသိုလ်နှင့် လိုက်ဖက်ညီညွတ်သော ခံ့ညားထည်ဝါသည့် တက္ကသိုလ် အဆောက်အအုံကို နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ ကုန်ကျခံ၍ မန္တလေးမြို့၌တည်ဆောက်ပေးခဲ့ရာ ၂၆-၁၂-၂၀၀၄ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ယင်းဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ အမှာစကားမှာ တိုင်းရင်းဆေးပညာသင်ကြားရေးကဏ္ဍတွင် အဆင့်မြင့်မားစေရန်အတွက် လေးစားမှတ်သားလိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များပင် ဖြစ်သည်။ ယင်းတို့အနက် အချက်တစ်ချက်မှာ-

> **"နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် အလေးအနက်ခံယူပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ ကြွယ်ဝလှသော ပင်ကိုအနှစ်သာရများကို စနစ်တကျဖော်ထုတ်စုစည်းကာ ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်၍ ခေတ်မီမြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီး တစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်ကို ဂုဏ်သိက္ခာရှိသော၊ အဆင့်အတန်းရှိသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတော်ကအားထားရသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတကာက လေးစားရသော တက္ကသိုလ်ကြီးဖြစ်ရေးတို့ကို ဆက်လက် အလေးထားဆောင်ရွက်ကြရန်"**

ဟူ၍ဖြစ်သည်။

ယင်းဖွင့်ပွဲအခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ကလည်း **"မိမိတို့ ကျန်းမာရေးဝန်ထမ်းများကလည်း ပိုမိုအရည်အသွေးမြင့်မားသော တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးရေးနှင့် ပြည်သူတို့၏ကျန်းမာရေး ပိုမိုစောင့်ရှောက်ပေးရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ပြန်လည်တင်ပြခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေးမြင့်မားသော တိုင်းရင်းဆေး ပညာရှင်များ မွေးထုတ်နိုင်မှုက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုစေမည် ဖြစ်သည်။

သို့ပါ၍ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားရေးအတွက် နိုင်ငံတော်က ယခုကဲ့သို့ ပံ့ပိုးချီးမြှင့်နေသည့် အချိန်အခါကောင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များကလည်း နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစီမံကိန်းကြီးများတွင် ပါဝင်ကြိုးပမ်းအားထုတ်ကြရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးမြို့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားတွင် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ကွက်၌ တည်ဆောက်ပြီးစီးသွားသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို ဤသို့တွေ့ရသည်။

> နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြင့် အရည်အသွေးမြင့်မားသော တိုင်းရင်းဆေး ပညာရှင်များ မွေးထုတ်နိုင်မှုက လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်။

✽ ကျောဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ဟုမ္မလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအမှုဆောင်ဒေါ်ထားထားရွှေနှင့် ကျေးရွာပြည်သူတစ်ဦးက ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးက မီးခလုတ်ကိုနှိပ်၍ ဓာတ်အားစတင်ထုတ်လွှတ်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ရေအားလျှပ်စစ်စက်ရုံကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားပေးသည်။ အဆိုပါခေါင်ခမ်းကျေးရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ ၁၂လက်မ တာဘိုင်မှ လျှပ်စစ်ဓာတ်အား ၇၃သမ၅ကီလိုဝပ် ထုတ်လွှတ်နိုင်ပြီး အိမ်ခြေ ၁၁၇ အိမ် နေ့စဉ်ညနေ ၆နာရီမှ ည၉နာရီအထိ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မည် ဖြစ်သည်။

ကတ္တရာလမ်းသစ်ဖွင့်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်းမြို့ အောင်ဆန်းလမ်းနှင့် စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသိန်းနိုင်က အောင်ဆန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်ရခြင်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်ထားထားရွှေတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အောင်ဆန်းလမ်းကတ္တရာလမ်းသစ်မှာ အရှည်ပေ၆၀၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်း ငွေကျပ် ၁၂၇၀၀၀၀အကုန်အကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးသည် စံပယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး တာဝန်ရှိသူများနှင့်အတူ လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါစံပယ်လမ်းသစ်မှာအရှည်ပေ၁၂၀၀၊ အကျယ်၁၂ပေရှိ၍ စုစုပေါင်းငွေကျပ် ၃၃သိန်းအကုန်အကျခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟုမ္မလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားအား တက်ရောက်ရာ အစီအစဉ်အရ ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ခန်းမ၌ ဆက်လက် ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆရာတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

သင်ထောက်ကူပစ္စည်းများပေး

ယင်းနောက်တိုင်းမှူးက ဟုမ္မလင်းမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် သင်ထောက်ကူစီဒီများနှင့် စာအုပ်များ၊ အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ပညာရည်မြင့်မားရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်း အမှာစကားပြောကြားကာ လိုအပ်သည်များညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုး ရွာ မှ ယ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုး အနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန် ရာခိုင်နှုန်း ၄၀ ဖြစ်သည်။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

✽ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

✽ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

✽ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

✽ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး မြေစိုက်ပိုစတာနှင့်ပြည်နယ်အထိမ်းအမှတ်သင်္ကေတများ စိုက်ထူရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေး မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၃)၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေး မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ်သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့မှ ဆပ်ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က အဖွင့်ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်းက ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်သို့ အလံတော်သယ်ယူရေး အစီအစဉ်များ၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေး ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင်များအလိုက် အလံတော် ညအိပ်ရပ်နားသယ်ယူမည့် အစီအစဉ်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများမှ ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တတိယအကြိမ် ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၉

သုံးဆယ်မြို့နေ ဦးသန်းထွန်း-ဒေါ်စန်းမြင့် သားသမီးမြေးတစ်စုတို့၏ တတိယအကြိမ် ဓမ္မပူဇာသဘင်ပွဲကြီးကို မဟာထူပါရုံစာသင်တိုက် ရတနာဝင်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၂၂ရက်တွင် သီတဂူကြာတစ်ပွင့် ပိဋကတ်တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ၊ ဇန်နဝါရီ ၂၃ရက်တွင် ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက(ရွှေပါမီတောရ)၊ ဇန်နဝါရီ၂၉ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ(အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မဟာပဋ္ဌာန်ပတ္တိဌာန ကထိက)၊ ဇန်နဝါရီ ၃၀ ရက်တွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (M.A, Buddhism၊ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဇန်နဝါရီ ၁၆ ရက်က အလက(၃) ဗဟန်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့်ဂုဏ်ပြုပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက အဋ္ဌမတန်းအထိ နှစ်စဉ်ပညာရည်ချွန်ဆုရ မမေယမုံဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေးပညာပေးဟောပြော လက်တွေ့ မီးငြိမ်းသတ်မှုလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းစီမံချက်အရ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း အချိုရည်စက်ရုံ(မန္တလေး)နှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့်လက်တွေ့မီးငြိမ်းသတ်မှုလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၂ ရက်တွင် အဆိုပါစက်ရုံ၌ကျင်းပရာ ရှေးဦးစွာ စက်ရုံမှူးဦးမြင့်အောင်က ဝန်ကြီးဌာန၏ မီးဘေးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းမှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက စက်ရုံ၏ မီးဘေးကြိုတင် ကာကွယ်ရေးကို အလေးထား ဆောင်ရွက်ရေး၊ အရေးပေါ်ဖြစ်ပွားလာချိန်တွင် စက်ရုံတွင်းဖွဲ့စည်းထားသော လုံခြုံရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ ပစ္စည်းသယ်ယူရွှေ့ပြောင်းရေးအဖွဲ့နှင့် ဆက်သွယ်ရေးအဖွဲ့တို့၏ ကိုယ်စီတာဝန်များ အဖွဲ့လိုက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စက်ရုံ၏ မီးငြိမ်းသတ်မှုတွင် မီးသတ်ယာဉ်နှစ်စီး၊ ဟွန်ဒါအပေါ့စားရေစုပ်စက်တစ်လုံး၊ စက်ရုံ၏သီးသန့်မီးသတ်တပ်ဖွဲ့ အင်အား ၂၀၊ ဝန်ထမ်း ၈၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၂၀တို့ဖြင့် စက်ရုံ၏ မီးငြိမ်းသတ်မှုကို ပူးပေါင်းလေ့ကျင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည့် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အဘိ ဓမ္မရတနာဂုရ ဓမ္မဗိမာန်တော် (ဗဟန်း၃လမ်း မှတ်တိုင်) ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန် မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင် အနီး)တွင် အမှတ် ၁၁၉ ဒုတိယထပ် (ယာ) ၄၆လမ်း ရန်ကုန်နေ ဒေါ်ခင်မြမြနှင့် သား၊ သမီး၊ မြေးများက ငွေကျပ်ငါးသိန်းကို အဖွဲ့ဝင်ဦးမျိုးခင်နှင့် ဦးမောင်မောင်မြင့်တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ ငွေပဒေသာပင်အတွက် မန္တလေးမြို့ ရတနာပုဂံ တိုက် ကျောင်းသစ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကလျာဏက အလှူငွေကျပ်တစ်သိန်းကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအတွက် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

ယင်းအခမ်းအနား၌ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ အဖွဲ့ဝင် ဆရာတော်ကြီးများ ဖြစ်ကြသော မန္တလေးမြို့ မစိုးရိမ်ကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တ ပဒုမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က အလှူငွေကျပ် ၁၀၀၀၀၀၊ တွံတေးမြို့ ကျုံးကြီး ကျောင်းဆရာတော် ဘဒ္ဒန္တ ဥေယျဓမ္မ (အဂ္ဂမဟာပဏ္ဍိတ)က အလှူငွေကျပ် ၁၀၀၀၀၀၊ မန္တလေးမြို့ ရတနာပုဂံ တိုက် ကျောင်းသစ်ကျောင်းဆရာ တော် ဘဒ္ဒန္တ ကလျာဏက အလှူငွေ ကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် ဒေဝနိမ္မိတာရုံ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလနှင့် တပည့် ဒါယကာ ဒါယိကာမများက အလှူငွေကျပ် ၁၆၀၀၀၀၊ သံဖြူဇရပ်မြို့ အောင်ဆန်း လမ်း အမှတ်၉၃ နေ ဦးပြုံးချို- ဒေါက်တာ မြင့်မြင့်စု၊ သမီး မလဲ့ရည် ထွန်း၊ သား မောင်ရန်လင်းအောင် တို့က အလှူငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ် လှူဒါန်းရာ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ချီးမြှင့်သည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသော အလှူရှင်များ သည် ပဒေသာပင် တစ်ပင်လျှင် ငွေ ကျပ် ၁၀၀၀ နှုန်းဖြင့် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် ဖုန်း-၆၆၅၆၇၃ နှင့် ညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း- ၆၆၀၇၆၆ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးက ဒေသ တွင်းရှိ တောင်သူလယ်သမားများ အမြန်အကျိုးကျေးဇူး ရရှိခံစားနိုင်ရန် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ချိန်အမီပြီးစီးအောင် ကြိုးပမ်း တည်ဆောက်ကြရန်လိုကြောင်း၊ ရေရရှိ ရေးသာမက ကျေးရွာသုံး ရေအား လျှပ်စစ်မီးရရှိရေးကိုလည်း ပံ့ပိုးဆောင် ရွက်ပေးရန် လိုကြောင်းဖြင့် မှာကြား သည်။

ယင်းနောက်ဝန်ကြီးသည်စီမံကိန်း လုပ်ငန်း အကောင်အထည်ဖော်ဆောင် ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

သီးထပ်စိုက်နိုင်

မဒေး ရေလှောင်တမံ တည် ဆောက်ခြင်းဖြင့် ကံမမြို့နယ်၌ စိုက်ပျိုး မြေဧက ၄၀၀၀ ကို ရေပေးသွင်း၍ သီးထပ် စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ သည် ပဲခူးတိုင်း(အနောက်) ပန်း တောင်းမြို့နယ်၌ ၂၀၀၄ ခုနှစ် ဇွန်၂၅ ရက်က ဖွင့်လှစ်ခဲ့သည့် ခဝါရေလှောင် တမံ၏ ရေပေးမြောင်းမှ ဆည်ရေပေး ဝေမှုနှင့် နွေစပါးစိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သံကူ ကွန်ကရစ်အမျိုးအစား အကျယ်ပေ ၃၀ ရှိသည့် ရေပိုလွှဲကိုလည်းကောင်း၊ တမံအတွင်း ရေသိုလှောင်ထားမှု၊ စိုက်ပျိုးမြေဧက ၂၀၀၀သို့ ဆည်ရေပေး မှု၊ သောက်သုံးရေပေးသည့် ရေပိုက် တပ်ဆင်ထားမှု၊ လျှပ်စစ်အား ဝပ် ၃၀၀၀ထွက်ရှိသည့် ပြည်တွင်းဖြစ် ဒိုင်နမိုတပ်ဆင်၍ ကျေးရွာသို့မီးပေး နိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ အား ရှင်းလင်းဆောင်၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန် ကြားရေးမှူးက ခဝါရေလှောင်တမံ ထိန်းသိမ်းမှုလုပ်ငန်းနှင့် နွေစပါးစိုက် ရန် ဆည်ရေပေးမှုကိုလည်းကောင်း၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးထွန်းအေးက ပြည်ခရိုင်၌ ဆည်ရေဖြင့် စပါးဧက၇၂၀၀၀ စိုက်ပျိုး မှုနှင့် ကျေးရွာသုံးလျှပ်စစ်ကို ဆည်ရေ ဖြင့် တိုးချဲ့ရယူမည့် အစီအစဉ် ဆောင်ရွက်မှုကိုလည်းကောင်း၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစန်းမောင်က ခဝါဆည်ရေဖြင့် နွေစပါးဧက ၁၀၀၀ စိုက်ပျိုးရန် ဆောင်ရွက်မှုကိုလည်းကောင်း၊ ချင်းရွာ ကြီးနှင့် တုံကင်းရွာမှ တောင်သူလယ် သမားများက ဆည်ရေရပြီး ယခင်က မိုးစပါး တစ်သီးစိုက်ပျိုးခဲ့ရာမှ ယခု နွေစပါး ထွန်ယက်စိုက်ပျိုးပြီး သီးထပ် ရရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆည်ရေရယူစိုက်ပျိုး

ဝန်ကြီးက အဖိုးတန်သည့် ရေကို လေလွင့် ဆုံးရှုံးမှုမရှိအောင် ထိထိ ရောက်ရောက်သုံးစွဲကြရန် လိုကြောင်း၊ ရေလှောင်တမံပတ်ဝန်းကျင်ရှိ ရေဝေ ရေလဲဒေသ၌ သစ်ပင် သစ်တော စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ် ကြောင်း၊ လက်ရှိ ရေသိုလှောင်မှုထက် ပိုမိုရရှိရန်လည်း ဆောင်ရွက်နေ ကြောင်း၊ တောင်သူလယ်သမားများ က လက်တံမြောင်းကရေကို လယ် ကြားမြောင်းများဖြင့် စနစ်တကျ ဆည်ရေရယူကြပြီး စိုက်ပျိုးကြရန် လိုကြောင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင် သူလယ်သမားများအား တွေ့ဆုံ နှုတ်ဆက်ပြီး လိုအပ်ချက်များကို ကူညီပံ့ပိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၈ ရက် က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ကြီးမှူး ပြုလုပ်သည့် Remote Sensing နည်းပညာသင်တန်းဆင်းပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင် သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (ယဉ်ကျေးမှုဝန်ကြီးဌာန)

သုတေသနညီလာခံစာတမ်းပေါင်း ၁၁ စောင်ဖတ်ကြား

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (Myanmar Health Research Congress) ၏ သုတေသနညီလာခံ ပဉ္စမနေ့ အစီ အစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက် မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ နံနက်ပိုင်း သဘာပတိများ အဖြစ် ဆေးတက္ကသိုလ်(၂) ဆေးဝါး ဗေဒဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဦးကျော်၊ ဆေးတက္ကသိုလ် (၁) ဆေးဝါးဗေဒဌာန ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာနန်းလုလု ဝင်း၊ သူနာပြုတက္ကသိုလ် ပါမောက္ခ ချုပ် ပါမောက္ခ ဒေါက်တာမေဝင်း အောင်ခင်တို့က ဆောင်ရွက်ကြသည်။

ဖတ်ကြား

ထို့နောက် စာတမ်းရှင်များက ကျန်းမာသော အမျိုးသားများအပေါ် တွင် Probenecid ဆေး၏ Cephalexin ဆေးအပေါ် အကျိုး သက်ရောက်မှု၊ ဈေးကွက်တွင်ရှိသော တီဘီဆေးအမျိုးမျိုးထဲတွင် ပါဝင် သော ရိုင်ဖန်ပစင်နှင့် အိုင်ဆိုနိုင်ရာစစ် အချိုးအစားတိုင်းတာခြင်းသုတေသန၊ တီဘီဆေးများ၏ ဆိုးကျိုးအာနိသင်ကို ထောက်လှမ်းလေ့လာခြင်းသုတေသန (4FDCs)၊ ပြည်တွင်းထုတ်လုပ်ထား သော ကျောက်သွေးအဆိပ်အာနိသင် နှင့် ဓာတုပစ္စည်းပါဝင်မှုကို စမ်းသပ် ခြင်း၊ မက်ဖလိုကွင်းဆေးနှစ်မျိုးနှင့် စတီရီယိုဓာတု ကိုယ်တွင်းကြမ္မာ ပြောင်းလဲမှုကို လေ့လာခြင်းသုတေ သန၊ ရင်သားကင်ဆာလူနာများတွင် Methotrexate ဆေး သွေးတွင် ပမာဏ ရာခိုင်နှုန်းနှင့် သွေးတွင် အဆင့်ဆင့် ပြောင်းလဲမှုဖြစ်စဉ်ကို လေ့လာခြင်း၊ ဆေးဝါး၊ ဓာတုဗေဒ လတ်တလော အဆိပ်သင့်ခြင်းတွင် ဇီဝပစ္စည်းများမှ အဆိပ်များကို သီးသန့်ခွဲခြားထုတ် လုပ်တိုင်းတာခြင်း သုတေသန၊ မြန်မာ့ တိုင်းရင်းသန်ချ ဆေး (LWM-001) အစွမ်းသတ္တိကို လက်တွေ့စမ်းသပ်နည်းပုံစံဖြင့် စမ်းသပ် ခြင်း စာတမ်းများကို ဖတ်ကြားကြ သည်။

ဆွေးနွေး

ထို့နောက် မွန်းလွဲပိုင်းတွင် သုတေသနစာတမ်းဖတ်ပွဲကို ဆက် လက်ကျင်းပရာ စာတမ်း ၁၁ စောင်ကို ဖတ်ကြားပြီး တက်ရောက်သူများက စာတမ်းနှင့်ပတ်သက်၍ မေးမြန်းဆွေး နွေးကြကာ မွန်းလွဲပိုင်းတွင် ရပ်နား လိုက်သည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာ ခန်းမ၌ အမှတ် (၇) ရပ်ကွက်အတွင်း နေထိုင်သူများနှင့် ကျောင်းသား ကျောင်းသူ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇန်နဝါရီ၁၉ ရက်က ကျင်းပရာ တိုင်းဦးစီးဌာနမှူး ဦးတင်အောင်၊ အရှေ့ပိုင်းခရိုင် ဦးစီးဌာနမှူး ဦးကံညွှန့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးမြင့်တို့က ကျောင်းသူတစ်ဦးအား ပေးအပ်စဉ်။

(က-ပ)

ကျေးလက်ဒေသ သောက်သုံးရေဖူလုံရေး လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက် ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက် ပေ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅ ၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေး မှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(နယ်စပ်စည်ပင်)**

ကွယ်လွန်သူ ကိုအောင်သိန်းဦး (မိတ်ကပ်/ဆံပင်) အား ရည်စူး၍ အမှတ် ၂၆ သတိပဋ္ဌာန်လမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ မိခင် ဒေါ်တင်ရွှေ၊ သမီး ဒေါ်ခင်မြသက်၊ သား ဦးမျိုးအောင်တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် တစ်သိန်း တစ်သောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘညာဏ် (ငြိမ်း)က လက်ခံရယူစဉ်။

(က-ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့များက စစ်ချီတေးများ အလှသရုပ်ဖော် ပြကွက်များဖြင့် စွမ်းရည်ပြ ဂုဏ်ပြုဖျော်ဖြေကြသည်။

စစ်တီးဝိုင်းများယှဉ်ပြိုင်

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဗိုလ်သင်တန်းကျောင်း ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့ပိုင်း တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၃)၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အမှတ်(၅) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းနှင့် အမှတ်(၂) စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြု စစ်တီးဝိုင်း များ ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် ဗိုလ်သင်တန်းကျောင်းကိုယ်စားပြုစစ်တီးဝိုင်းက ဒို့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ဒို့တပ်မတော်သား စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ မြန်မာအာဇာနည်စစ်ချီတေးများဖြင့်လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဘာမထီဒို့ရဲဘော်၊ အမျိုးချစ်တဲ့ဇာနည်စစ်သည်တော်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးမြန်မာပြည်ရွာ၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၅)စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့စစ်သည်၊ မျိုးမြန်မာပြည်ရွာ၊ စံပြဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၂) စစ်အခြေခံလေ့ကျင့်ရေးတပ် ကိုယ်စားပြု စစ်တီးဝိုင်းက ရဲသွေးရဲမာန်၊ ပြည်သူ့သား စစ်သည်၊ ပြည်သူ့သားကောင်း စစ်ချီတေးများဖြင့်လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ကျင်းပရေးကော်မတီ အဖွဲ့ဝင် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက အလှသရုပ်ပြဖျော်ဖြေကြသည့် ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းနှင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်သည်။

ယနေ့ကျင်းပသည့်(၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲသို့ တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ် အဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တာဝန်ယူကျင်းပမည့် ၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ လည်းကောင်း၊ အမျိုးသား တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက်၃၅နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၄၅ နှစ်နှင့် အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ၊အသက် ၅၅ နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၆၀နှင့် အထက် နှစ်ယောက်တွဲပြိုင်ပွဲများနှင့် အသက် ၁၀၊ ၁၂၊ ၁၄ နှစ်နှင့် အောက် လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမျိုးသား တံခွန်စိုက်တင်းနစ် ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ဇန်နဝါရီ ၂၉ ရက် နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရိုးရာသိုင်းပညာစဉ်ဖော်ထုတ်ပြသပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၅ခုနှစ် ပထမအကြိမ် မြန်မာ့ရိုးရာသိုင်းပညာစဉ်များဖော်ထုတ်ပြသပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲကို ယခုနှစ် မတ် ၂၈ရက်မှ ၃၁ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ပြသကြမည့် သိုင်းပညာရှင်အသီးသီးသည် ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ပြည်ထောင်စုလမ်းမကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၀၇၁၂သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

သရက်တောအမက ပညာပဒေသာ စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

ဓနုဖြူမြို့နယ် ညောင်ချောင်း ကျေးရွာအုပ်စု သရက်တောကျေးရွာ အမက ရပ်ရွာပညာပဒေသာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက် ညနေ၃နာရီက သရက်တော အမက၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့မှ စာအုပ်အလှူရှင်များကိုယ်စား စာရေးဆရာ နန္ဒာမိုးကြယ်က သရက်တောအမက ကျောင်းအုပ်ဆရာကြီးဦးငြိမ်းဝင်းထံသို့ စာအုပ်များပေးအပ်လှူဒါန်းသည်။ ထို့နောက် စာရေးဆရာချစ်ကိုကိုယုက စာအုပ်များလှူဒါန်းရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီတွင် သရက်တောကျေးရွာအမက ရပ်ရွာ ပညာပဒေသာ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သရက်တော အမက ကျောင်းရှေ့ရှိ တေဇပန်း ဥယျာဉ်၌ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာ လယ်တွင်းသားစောချစ်၊ နန္ဒာမိုးကြယ်နှင့် ချစ်ကိုကိုယု တို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏအားကစားကွင်း အတွင်းရှိ အဆောက်အအုံများ မီးဘေးလုံခြုံရေးနှင့် အရေးပေါ် မီးငြိမ်းသတ်နိုင်ရေး စီမံချက်များ ဆောင်ရွက်ထားမှု အခြေအနေများအား ဇန်နဝါရီ၁၃ ရက်က မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့်အဖွဲ့ လိုက်လံစစ်ဆေးကြရာ လူငယ်အားကစား လေ့ကျင့်ရေးစခန်း အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းနှင့်အဖွဲ့က မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြကြရာ မြို့နယ်မီးသတ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားစဉ်။
(၀၅၂)

ကမ္ဘာတစ်လွှား အားကစား

ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ဗီဂျေဆင်းအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အေပီ)

ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးရိုက်အားကစားသမား ၁၀လုံးမြောက်ဖလားအနိုင်ရဆွတ်ခူး

ဟိုနိုလူလူ ဇန်နဝါရီ ၁၉

ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဟာဝိုင်ရီဟိုနိုလူလူရှိ ဝိုင်ယာလေဂေါက်ကလပ်၌ကျင်းပခဲ့ရာ ကမ္ဘာ့နံပါတ်တစ် ဖီဂျီနိုင်ငံသား ဗီဂျေဆင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ဗီဂျေဆင်းသည် ကျင်းအမှတ် ၇၂ တွင် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်၌ အဆိုပါဖလားကို ဗိုလ်စွဲခဲ့သည့် အာနိုင်းအဲ့စ်ထက် ဘာဒီတစ်ချက်ရိုက်ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ဆင်းသည် နောက်ဆုံးအကျော့ဗိုလ်လုပွဲ၌ ရိုက်ချက် ၆၅ ချက်တွင် ငါးချက်လျှော့ရိုက်ခဲ့သည်။ ၎င်းသည် စုစုပေါင်း ရိုက်ချက် ၂၆၉ ချက်တွင် ၁၁ချက်လျှော့ရိုက်ခဲ့သည်။

အာနိုင်းအဲ့စ်သည် နောက်ဆုံးအကျော့ ဗိုလ်လုပွဲတွင် ၆၂ ချက်ဖြင့် ရှစ်ချက်လျှော့ရိုက်ခဲ့သည်။ ၎င်းသည် စုစုပေါင်းရိုက်ချက် ၂၇၀ တွင် ၁၀ ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။

ဂျပန်နိုင်ငံသား ရှိဂျိကီမာ ရုရာမာသည် ယင်းပွဲတွင် ဒုတိယ အကျော့နှင့် တတိယအကျော့များကို ဦးဆောင်နိုင်ခဲ့သည်။ ၎င်းသည် စုစုပေါင်း ရိုက်ချက် ၂၇၁ ချက်ရိုက်ခဲ့သည်။

ချာလီဟောင်းဝဲလ်သည်လည်း နောက်ဆုံးအကျော့တွင် ၆၇ ချက်ရိုက်ခဲ့သည်။ စုစုပေါင်းရိုက်ချက်မှာ မာရုရာမာကဲ့သို့ ၂၇၁ချက် ရိုက်ခဲ့၍ တတိယ နေရာတူ ရခဲ့သည်။

ဗီဂျေဆင်းသည်အဆိုပါ ဆိုနီအိုးပင်းဖလား ဆွတ်ခူးရရှိခဲ့၍ ဆုကြေးငွေအဖြစ် ဒေါ်လာ ၄ ဒသမ ၈ သန်း ရရှိသွားသည်။

အာနိုင်းအဲ့စ်သည် တတိယမြောက် ဆိုနီအိုးပင်းဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ဗီဂျေဆင်းသည် ယမန်နှစ်က ဖလားကိုးလုံးဆွတ်ခူးနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ရရှိခဲ့သည်။

ဗီဂျေဆင်းသည် ပြီးခဲ့သည့်အပတ်က မာစီဒီး ချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယအကျော့အထိ ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ဆုံးအကျော့တွင်အမှားများနေခြင်းကြောင့် ဖလားနှင့်လွဲခဲ့ရသည်။ ယခုရရှိခဲ့သည့် ဖလားသည် ဆင်းအတွက် ၁၀လုံးမြောက်ဖလားဖြစ်သည်။ **(အင်တာနက်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၃၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅ ဖြင့် ချီးမြှင့်သော

သာသနာ့ဂေဇာကိုင်ရာ သီရိသုဓမ္မသိဂီ ဘွဲ့တံဆိပ်တော်ကို

ရန်ကုန်မြို့ အမှတ် - ၂၆၁ နေ မှန်ချိုဆေးတိုက်ပိုင်ရှင်

ဒေါ်တင်နွယ်ဦး

ချီးမြှင့်အပ်နှင်းခံရသဖြင့် မိသားစုနှင့်တပ်တူထပ်မျှ ဝမ်းမြောက်ဂုဏ်ယူပါ ကြောင်းနှင့် ရှေ့ဆက်၍ နိုင်ငံတော်အကျိုး သာသနာအကျိုးဆောင်ထမ်းနိုင်ပါစေ၍ ဆောင်ရွက် အကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂရိတ်ဝေါလ်ဆေးတိုက်၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ဓနိပရဆေး။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲဆက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၅ ခုနှစ် အကြိမ်(၅၀)မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (က)အုပ်စုမှ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီဖြင့်သရေပွဲဖြစ်သွားသည်။ယင်းပြိုင်ပွဲတွင်ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကချင်ပြည်နယ်မှ ညွန့်ဝင်းက ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့်ရခိုင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင်ပွဲစဉ်အလိုက်အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ သန့်ဇင်ဦးက ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်က **သီရိသုဓမ္မသိဂီ** ဘွဲ့ ချီးမြှင့်ခြင်းခံရသော မုံရွာ ဒေါ်တွေး-ဂေါမုတ္တဆေးတိုက်ပိုင်ရှင် **ဒေါ်ညိုညို** အား ဝမ်းမြောက်ဝမ်းသာ လှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။

ဂေါပကအဖွဲ့
မဟာစည်သတိပဋ္ဌာန်သာသနာ့ရိပ်သာ
မြဝတီရပ်၊မုံရွာမြို့။

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်နှင့် သမ္မတ ကမ်းခြေရပ်ကွက်များရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အုံ့ကြီးအရှေ့ရပ်ကွက် အမက(၁၅)ကျောင်းခန်းမ၌ ကျင်းပစဉ်။ (က-ပ)

လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မြို့ရေပေးရေးလုပ်ငန်း ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့်ကိုးပေ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနိုနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ကြသည်။

အလားတူ မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် မြို့တွင်းလမ်း ၁၃ လမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် လမ်းခင်းကျောက်များ စုဆောင်းရရှိမှုနှင့် အမာခံကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့်ကွန်ဒုံး အသုံးပြုရေးစီမံချက် အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးစီမံချက်မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဦးကံဦး ရှင်းလင်းဆွေးနွေးစဉ်။ (က-ပ)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပါရမီလမ်း၊ ခြံအမှတ် ၁၀၊ ငွေကြာရံရိပ်သာနေ
ဦးထွန်းဖေ-ဒေါ်ညွန့်ညွန့်
(နိုင်မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်-မန္တလေး-ပြည်)
တို့၏သား

မောင်ဝင်းနိုင် (Managing Director)

Naing Family Construction Material Trading Co.,Ltd.

နှင့်

မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ ဖွားသန်းတင်၏မြေး၊
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း ဈေးလမ်း၊ အမှတ် ၁၆ နေ
ဦးမြတ်သွင်-ဒေါ်ခင်လှလှ
(ငွေနန်းတော် မိုးကုတ်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)
တို့၏သမီးထွေး

မနှင်းလဲ့ကြည်ပြာ B.A (Eco.) Q

တို့၏ ၂၁-၁၁-၂၀၀၄ ရက်တွင် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ပဋ္ဌနိကာယ်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသော လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တရားရုံးချုပ်မှ တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွန့်အားလည်းကောင်း၊ ၁၆-၁-၂၀၀၅ရက်တွင် Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော တူလေး ထက်ဖွဲ့မာန်သိန်း၊ တူမလေး ဝိုင်းတင်ဇာမြင့်၊ မင်္ဂလာပန်းကြဲပေးသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာစိန်လက်စွပ်နှင့် မင်္ဂလာရွှေဆွဲကြိုးဇန်းကိုင်ဆောင်ပေးသော ညီမငယ် ယုဇနမင်းနှင့် ယုဇနလင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ပြင်သစ်မင်္ဂလာဝတ်စုံ၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ Evening Star တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ပန်းအလှပြုပြင်ပေးသော ကိုဝင်းမျိုးနှင့် Sedona ဟိုတယ်မှ ဝန်ထမ်းများ၊ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ဝိုင်းဝန်းကူညီပေးကြသော Sedona Hotel မှ ဝန်ထမ်းများနှင့် ၁၆-၁-၂၀၀၅ ရက်တွင် ရွှေအင်းယားစားသောက်ဆိုင်နှင့် ၁၇-၁-၂၀၀၅ရက်တွင် Western Park(2) တို့၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ တက်ရောက်သည့် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ဝင်းနိုင်-မနှင်းလဲ့ကြည်ပြာ။

မင်္ဂလာဦးဆုတောင်း

ကိုဝင်းနိုင် နှင့် **မနှင်းလဲ့ကြည်ပြာ**တို့၏ ၁၆-၁-၂၀၀၅ရက် မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့ကြပါစေ။

အဖေဦးထွန်းဖေ-အမေဒေါ်ညွန့်ညွန့်နှင့်
ညီအစ်ကိုမောင်နှမများ
(နိုင်မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ် ၁၈၂ တွင် တည်ရှိသည့် ရွှေအင်းလေးအစုစပ်လုပ်ငန်း၏ လုပ်ငန်းရှင်များက သောက်ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ပုံ(၁)၊(၂)၊(၃)၊(၄)၊(၅)တို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၃-၁-၂၀၀၅ ရက်စွဲဖြင့် မိမိတို့မူပိုင်အဖြစ်မှတ်ပုံတင်စာချုပ်အမှတ်(၃၃၇/၂၀၀၅)၊(၃၃၈/၂၀၀၅)၊(၃၃၉/၂၀၀၅)၊(၃၄၀/၂၀၀၅)၊ (၃၄၁/၂၀၀၅)တို့အရ အသီးသီး မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ်များ၏ အမည်၊ အမှတ်အသားတို့ကို တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ ပုံတူ၊ ပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပသုံးစွဲခြင်း အလျှင်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ထိုသို့တုပပြုလုပ်သုံးစွဲပါက ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိသာရန် သတိပေးကြေညာအပ်ပါသည်။

ရွှေအင်းလေး အစုစပ်လုပ်ငန်းရှင်များ၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးဟန် ဦးလှမင်း ဒေါ်ခင်မာလာကြည်
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၁၇၀(ဒုတိယထပ်)၊ ၃၃လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၇၅၀၁၈။

သန်လျင်မြို့ အောင်ချမ်းသာ (၁)ရပ်ကွက် ခေမာရာမ သီလရှင်စာသင်တိုက်၏ (၁၆)ကြိမ်မြောက် ပဋ္ဌာန်းအောင်ပွဲ၊ ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် သီလရှင်ဝတ်စုံပေးအပ် လှူဒါန်းပွဲကို ဇန်နဝါရီ ၂ ရက်ကကျင်းပရာ စာသင်တိုက် ပဓာနနာယကဆရာကြီး ဒေါ်စန္ဒမာလာထံ အလှူရှင်များက သီလရှင်အပါး ၁၀၀ အတွက် ဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

အပြို့ပြို့ အနယ်နယ် သတင်းများ

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီပြုပြင်မွမ်းမံရန် လှူဒါန်းနိုင်

ညောင်လေးပင် ဇန်နဝါရီ ၁၁

ညောင်လေးပင်မြို့နယ် မဒေါက်မြို့အနီး သောင်ကြီးကျေးရွာတွင် တည်ထားကိုးကွယ်သော ရေလယ်ကျွန်း ရွှေဘုန်းပွင့်ပြည်တော်အေးစေတီတော်တွင် ရန်ကုန်မြို့ သုဝဏ္ဏနေ ဘုရားဂေါပက ဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အလှူရှင်များနှင့် ကျေးရွာများရှိ စေတနာရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ရှစ်နှစ်အတွင်း ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသော ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖုန်း-၅၇၀၉၆၅နှင့် ၅၇၈၀၂၅တို့သို့ ဆက် သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုင်းဆတ်မြို့ သမိန်ဗရမ်းလမ်း ကျောက်ချောခင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်ညွှန်မှူး ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခုဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၁၃ဒသမ ၄၂ သိန်းဖြင့် မြို့ပြလမ်းဖြစ်သည့် သမိန်ဗရမ်းလမ်း အရှည်ပေ၇၀၀၊ အကျယ် ၁၂ပေ ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်အဖွဲ့ ဒီဇင်ဘာ ၂၁ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။**(အောက်ပုံ)(မြို့နယ်စည်ပင်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မော်ကျွန်း၌ ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂

မော်လမြိုင်ကျွန်း မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေးပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီက ကျိုက်ပိကျေးရွာအုပ်စု မန်းချောင်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားသို့ ကျိုက်ပိကျေးရွာနှင့် အနီးအနားရှိ ကျေးရွာခြောက်ရွာမှ ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသန်းစိုးက မီးဖိုမီးနှင့် ပေါ့ဆမီးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးကျော်ကျော်က မီးသတ်တပ်ဖွဲ့များနှင့်အတူ ပြည်သူများ ပါဝင်မီးငြိမ်းသတ်ရေး အကြောင်းကိုလည်းကောင်း ပညာပေး ဟောပြောကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျိုက်ပိကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီတွင် ကျိုက်ပိကျေးရွာအတွင်းရှိ လူနေအိမ်များနှင့် ကျိုက်ပိဈေးအတွင်းရှိ ဈေးဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးကိုသတိဖြင့်သုံးစွဲရေးနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများအသင့်ရှိရေးတို့ကို ပညာပေးဆွေးနွေးကြသည်။**(အောက်ပုံ)** **(ဝ၉၇)**

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးအဖွဲ့ ဆင်ဖြူကျွန်းမြို့တွင် ကွင်းဆင်းမျက်စိခွဲစိတ်ကုသ

ဆင်ဖြူကျွန်း ဇန်နဝါရီ ၁၄

မင်းဘူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဝင်းနှင့် အဖွဲ့သည် မကွေးတိုင်း ဆင်ဖြူကျွန်းမြို့သို့ ဇန်နဝါရီ ၁၁ရက်မှ ၁၃ရက်အထိသွားရောက်၍ စလင်းနှင့် ဆင်ဖြူကျွန်းမြို့နယ်များမှ မျက်စိဝေဒနာရှင် ၅၇၅ဦးတို့အား စမ်းသပ်ကုသပေးသည်။**(အပေါ်ပုံ)**

ကွင်းဆင်းခွဲစိတ်

ဆင်ဖြူကျွန်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းတိမ်ဝေဒနာရှင် ၃၀နှင့် အသေးစား ခွဲစိတ်ကုသမှု ငါးဦးအား အခမဲ့ခွဲစိတ်ပေးခဲ့ပြီး ကျန်ရှိသော အတွင်းတိမ်ဝေဒနာရှင် ၂၅ဦးတို့အား မင်းဘူးမြို့ မျက်စိကုဌာနတွင် ခွဲစိတ်ကုသမှု ခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ပခုက္ကူမြို့တွင်ကျင်းပ၊ ဆုရရှိသူများအား ဆုချီးမြှင့်

ပခုက္ကူ ဇန်နဝါရီ ၁၀

ပခုက္ကူမြို့နယ် ၂၀၀၄ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်နံနက်၉နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေးနှင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဦးတင်မောင်ထွေးတို့က အမှာစကားပြောကြားကြသည်။

ဆုပေးအပ်

ထို့နောက် ၂၀၀၄ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က လည်းကောင်း၊ မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆေးရုံအုပ်ကြီး ဒေါက်တာဦးဌေး **(အောက်ပုံ)**က လည်းကောင်း၊ မြို့နယ်အဆင့် ပြဇာတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၄၁၃)**

ချီးမြှင့်

ဇန်နဝါရီ ၆ရက်က ၂၀၀၄-၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော်ကို ယင်းမာပင်မြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ပညာရေးဆုရ ကျောင်းသား မောင်စိုးလွင်ဦးအား ပညာရေးဆုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းဝင်းကိုယ်စား ကျောင်းသားမိဘတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ရေနံချောင်းမြို့ အိုးဘိုဆေးရုံအရှေ့လမ်း ကတ္တရာခင်း

ရေနံချောင်း ဇန်နဝါရီ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဇန်နဝါရီ၁၅ရက်က မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရေနံချောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က အိုးဘိုဆေးရုံအရှေ့လမ်း ကတ္တရာခင်းခြင်း အရှည်ပေ ၅၂၀ အကျယ် ၁၂ပေ တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်စက်ရုံဖွင့် လျှပ်စစ်ဓာတ်အား ၇ ဒသမ ၅ ကီလိုဝပ်ထုတ်လွှတ်ပြီး နေ့စဉ်ဓာတ်အားအသုံးပြုနိုင်

ရန်ကုန် ဇန်နဝါရီ ၁၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ဟုမ္မလင်းမြို့ ခေါင်ခမ်းကျေးရွာ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲကို တက်ရောက်အားပေးရာ အစီအစဉ်အရ ရှေးဦးစွာ ဟုမ္မလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဒေါ်ထားထားရွှေက ကျေးရွာရေအားလျှပ်စစ်စက်ရုံဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦး ဇန်နဝါရီ ၁၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ရှိ ခဝါရေလှောင်တမံမှ နွေစပါးစိုက်ပျိုးရန် ဆည်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

တောင်သူများအမြန်အကျိုးခံစားနိုင်ရေး တည်ဆောက်ရေးလုပ်ငန်းများ ကြိုးပမ်းတည်ဆောက် ရေရရှိရေးသာမက ကျေးရွာသုံး ရေအားလျှပ်စစ်မီးရရှိရေး ပံ့ပိုးဆောင်ရွက်ပေး

ရန်ကုန် ဇန်နဝါရီ ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ကံမမြို့နယ် ကြို့ပင်ကျေးရွာအနီး မဒေးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော မဒေးရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းက ပင်မတမံလုပ်ငန်း၊ ရေထုတ်ပြွန်လုပ်ငန်း တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စနေဂြိုဟ်တိုင်တန်လ၏မျက်နှာပြင်

တိုင်တန်လ၏မျက်နှာပြင်ပေါ်သို့ ဟိုက်ဂျင်းယာဉ် ဆင်းသက်ပြီးနောက် ပထမဆုံး ထုတ်ပြန်လိုက်သည့် မျက်နှာပြင်အနေအထားပုံကို တွေ့ရစဉ်။ **(အောက်ပုံ)** ဥရောပအာကာသအေဂျင်စီ(အီးအက်စ်အေ)မှ လွှတ်တင်လိုက်သော စနေဂြိုဟ်၏အကြီးမားဆုံးအရန်ဂြိုဟ်တစ်ခုဖြစ်သည့် တိုင်တန်လဂြိုဟ် လေ့လာရေးယာဉ်ဟိုက်ဂျင်းသည် ယခုအခါ တိုင်တန်လ၏မျက်နှာပြင်ပေါ်သို့ရောက်ရှိပြီးနောက် ပထမဆုံးအနေဖြင့် ရုပ်ပုံများပေးလိုက်ရာ တိုင်တန်လ၏မျက်နှာပြင်သည် အလင်းရောင်ထွက်ရှိနေသော ကုန်းမြင့်များ၊ တူးမြောင်းများသဖွယ်ဖြစ်နေသော မြေမျက်နှာပြင်များနှင့် ချိုင့်ဝှမ်းများသဖွယ်ဖြစ်ပေါ်နေသောနေရာများရှိကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အော့ပိုကျူနီတီ

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် အော့ပိုကျူနီတီယာဉ်က စူးစမ်းလေ့လာမှုပြုလုပ်နေစဉ်။ **(အပေါ်ပုံ)**

အင်္ဂါဂြိုဟ်ဖွဲ့စည်းမှုနှင့် မျက်နှာပြင်အနေအထားများကို လေ့လာနေသော အင်္ဂါဂြိုလ်လေ့လာရေးယာဉ် အော့ပိုကျူနီတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်တစ်နေရာရှိ ဘတ်စကက်ဘောလုံး အရွယ်အစားရှိသော ကျောက်တုံးတစ်တုံးကို သေချာတိကျစွာလေ့လာမှုများပြုလုပ်လျက်ရှိရာ ၎င်းကျောက်တုံးတွင်ပါဝင်ဖွဲ့စည်းထားသော ဓာတ်သတ္တုများနှင့် အလင်းဖြာထွက်မှုများကိုသိရှိရပါက အင်္ဂါဂြိုဟ်တွင် ကြာရှည်စွာထားရှိနိုင်မည့် ရုပ်ဝတ္ထုများနှင့်ပတ်သက်၍ ကြီးမားသောအချက်အလက်များရရှိမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ အေပီ။



နိုင်ငံတော်အစိုးရ၏စေတနာမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာမှန်ကိုသိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်များအပေါ်နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၄ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်ယူအာရ်အေတောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သားအိုက်ပီ၊ အိုက်ကျောက်နှင့် စိုင်းလုံကျောက်တို့သည်လည်းကောင်း၊ ဒုတပ်ကြပ်အဆင့်ရှိ အိုက်ပီးသည် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ရှစ်တောင့်တို့ဖြင့်လည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ ●